EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၀၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၉) "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" (မတ် ၉ - မတ် ၁၅၊ ၂၀၁၈)

အလုပ်အကိုင် အခွင့်အလမ်း



အလုပ်အကိုင် အခွင့်အလမ်းများကို စာမျက်နှာ ၁၅ တွင် အပါတ်စဉ် ဖော်ပြပေးသွားပါမည်

## ဥပဒေမူကြမ်းအတိုင်း အကြီးစားလုပ်ကွက်များ ထပ်မံခွင့်ပြုမည်ဆိုလျှင် အစိုးရသက်တမ်းအတွင်း ကျောက်စိမ်းများ ကုန်ဆုံးသွားနိုင်

စာ - ၆ သို့ »

### ပုံစံခွက်မှ ဖောက်ထွက်သူ ကချင်အမျိုးသမီး သတင်းစာဆရာ



စာ - ၄/၅ သို့ »

### မြစ်ကြီးနားမြို့ ကွန်မြူနီတီစင်တာ စာကြည့်တိုက်တွင် တိုင်းရင်းသားစာပေ စာအုပ်များ လိုအပ်နေ

စာ - ၁၇ သို့ »

### ကချင်တစ်ပြည်နယ်လုံး အတိုင်းအတာ စာစစ်ဌာန ၄ ခုတိုး

စာ - ၁၇ သို့ »





စာ - ၃ သို့ »

### မုန်တိုင်းတိုက်ခတ်မှုကြောင့် စစ်ရှောင်စခန်းရှိ လူနေအိမ်အချို့ ပျက်စီးသွားသဖြင့် နေစရာအခက်အခဲဖြစ်နေ

စာ - ၁၁ သို့ »

### ငှက်ပျောစိုက်ပျိုးရန် ဒေသခံများ၏ အပင်များကို ကုမ္ပဏီက ဝင်ရောက်ခုတ်ထွင် ရှင်းလင်း

စာ - ၂ သို့ »





စာ - ၁၃ သို့ »

### တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် စစ်ရှောင်ဒုက္ခသည်များ ပြည်နယ်အစိုးရ အကူအညီလိုအပ်

စာ - ၁၁ သို့ »

### နောင်းခူးဒေသခံ လယ်ယာများကို လဆန်အောင်ဝါအဖွဲ့က ခုတ်ထွင်ရှင်းလင်း

စာ - ၂ သို့ »

## "၂၀၂၀ မတိုင်ခင်မှာ ကချင်ပြည်နယ်ဂုဏ်ဆောင် ရွှေခါးပတ်ချန်ပီယံတစ်ယောက်လောက် မွေးထုတ်ပေးချင်တယ်"

ရွှေခါးပတ်ချန်ပီယံဟောင်း ထိန်ချန်း

စာ - ၁၆ သို့ »

### သက်ငယ်မုဒိမ်းမှုဖြင့် ဖမ်းဆီးခံထားရသူ ထောင်ထဲတွင် ကြိုးဆွဲချသေဆုံး

စာ - ၉ သို့ »

### ကမ္ဘောဇဘဏ်လုယက်မှု ဖော်ထုတ်နိုင်ခြင်း မရှိသေး

စာ - ၁၄ သို့ »

# Miss Universe Myitkyina ပြိုင်ပွဲတွင် သက်ငယ်မုဒိမ်းမှုကို ရှုံ့ချကန့်ကွက်သည့် အစီအစဉ်တစ်ရပ်ကို ထည့်သွင်းပြုလုပ်သွားမည်



မတ် ၂

မြစ်ကြီးနားမြို့တွင် စတုတ္ထမြောက် ကျင်းပသွားမည့် Miss Universe Myitkyina ပြိုင်ပွဲတွင် ထူးခြားသည့်အစီအစဉ်တစ်ခုအနေဖြင့် သက်ငယ်မုဒိမ်းမှုကို ရှုံ့ချကန့်ကွက်သည့် အစီအစဉ်တစ်ရပ်ကို ထည့်သွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း Maran Entertainment မှ ကိုမရန်ဆိုင်းနော်က ပြောသည်။

“ကျွန်တော်တို့ဒီအစီအစဉ်ကို ထည့်သွင်းရခြင်းက အခုအချိန်ကိုဆိုးရွားလာတဲ့ သက်ငယ်မုဒိမ်းမှုကို ထိထိရောက်ရောက် အရေးယူစေချင်တဲ့ ရည်ရွယ်ချက်လည်း ပါတယ်။ ပြီးတော့ ဒီသက်ငယ်မုဒိမ်း ပပျောက်သွားရေးကို အားလုံးစိတ်ဝင်စားလာအောင် ပြုလုပ်ရခြင်း ဖြစ်ပါတယ်”ဟု City Director ကိုမရန်ဆိုင်းနော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

4th Miss Universe Myitkyina အလှမယ် ပြိုင်ပွဲအတွက်နောက်ဆုံးဆန်ခါတင် ပြိုင်ပွဲဝင်အလှမယ် ရွေးချယ်ခြင်း အခမ်းအနားပဏာမလူတွေ့စစ်ဆေးပွဲကို မတ်လ ၂ ရက်က မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်ရှိ မနောင်ကွင်းတွင်ကျင်းပခဲ့ပြီး ထိုလူတွေ့စစ်ဆေးပွဲတွင် လျှောက်လွှာတင်သူ ၁၀၀ ဦး ခန့် ရှိသည့်အနက် ပြိုင်ပွဲဝင် အလှမယ်၂၀ ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ထိုသို့ နောက်ဆုံးဆန်ခါတင် ပြိုင်ပွဲဝင်အလှမယ်အဖြစ် ရွေးချယ်ခံရသူများမှာ ဘောမ်နမ်၊ အဲလိဇဘက်မနမ်မွန်းဆန်၊ ဟောင်းနန်း၊ ထွယ်စောမ်ရှနီး၊ အင်ခွမ်ထုဂျာ၊ ဂျာဆိုင်းအိန်၊ ဂျာဆိုင်းပန်၊ လူစီယာဂျီးဆိုင်း၊ လင်းထက်ထက်ကျော်၊ ခင်ခင်ဌေး၊ ကွမ်ထုံမိုင်းစင်၊ မျိုးသီရိကို၊ နန်းရတီခင်၊ နန်းရင်မွေး၊ ငွါးမေရီ၊ ဆိုင်းနူးမိုင်၊ လဖိုင်နူးနူးဆန်၊ သက်မေဦး၊ လကွမ်းဇန်နော၊ ဂျာစင်တာရွယ်ဂျား နှင့် မော်ရိန်းလုဆန်တို့ဖြစ်ကြောင်း သိရသည်။

ယင်းအလှမယ် ပြိုင်ပွဲတွင် 1st Runner Up ရရှိသော အလှမယ်ကို Miss Tourism & Culture Universe Myitkyina 2018 အလှမယ်အဖြစ် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအားလုံးအနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုရှိပြီး ရဲရဲတွားယှဉ်ပြိုင်စေလိုကြောင်း City Director ကိုမရန်ဆိုင်းနော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ပြိုင်ပွဲဝင် အလှမယ်လေးတွေကို ပြောချင်တာ Miss Universe Myitkyina ရဲ့ ခေါင်းစဉ်နဲ့အညီ ယုံကြည်မှုရှိတဲ့အလှက သိပ်ကိုအရေးကြီးပါတယ်။ မတူတဲ့မိဘ၊ မတူတဲ့အသိုင်းအဝိုင်းကလာတာ၊ အရပ်ရှည်တာ၊ ပုတာ၊ ချောတာ၊ မချောတာတွေ ဘာတစ်ခုမှ အရေးမကြီးပါဘူး။ အမှန်တကယ်အရေးကြီးတာက မိမိကိုယ်ကိုယ် ယုံကြည်မှုရှိရှိနဲ့ ယှဉ်ပြိုင်ဖို့ အဓိကပါပဲ”ဟု ကိုမရန်ဆိုင်းနော်က ဆက်လက်ပြောသည်။

ထိုအလှမယ် ပြိုင်ပွဲတွင်အနိုင်ရရှိသော 4th Miss Universe Myitkyina အလှမယ်သည် Ok Silversmith က ချီးမြှင့်သည့် မနောဇကရီကျောက်စိမ်းသရဖူနှင့် အတူ တစ်နှစ်တာ လစာ ခံစားခွင့်၊ Miss Universe Myanmar 2019 ပြိုင်ပွဲတွင် မြစ်ကြီးနားကိုယ်စားပြုအဖြစ် ယှဉ်ပြိုင်ခွင့်၊ နာမည်ကြီးဒီဇိုင်နာများ၏ ဝတ်စုံများကို တစ်နှစ်တာအခမဲ့ဝတ်ဆင်ခွင့်၊ မြစ်ကွင်းမဂ္ဂဇင်းတွင် မျက်နှာဖုံးရှင်အဖြစ် ပါဝင်ခွင့်၊ Beauty Bar By Ja Noi Pan တွင် တစ်နှစ်တာအခမဲ့ ဆံကေသာထိန်းသိမ်းခွင့်နှင့် အသားအရည်ထိန်းသိမ်းခွင့်တို့ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Bangkok International Dentist Centre တွင် အလှပြုပြင်ခွင့်၊ ဘန်ကောက် အလည်အပတ်ခရီးစဉ်၊ Miss Universe Myanmar 2019 ပြိုင်ပွဲအတွင်း ရန်ကုန်မြို့ရ တိုက်ခန်းတွင် အခမဲ့နေထိုင်ခွင့်၊ Catwalk Training, Makeup Training, Personal Training တို့ အခမဲ့ သင်ကြားခွင့်၊ Champion Institute တွင် အခမဲ့အင်္ဂလိပ်စာ သင်ကြားခွင့်၊ UFG Gym (Myitkyina)တွင် တစ်နှစ်တာ အခမဲ့ကစားခွင့်၊ Real Fitness (Yangon)တွင် တစ်နှစ်တာအခမဲ့ကစားခွင့်၊ Miss Universe Myitkyina Organization နှင့်အတူ တစ်နှစ်တာအခမဲ့ခရီးသွားလာခွင့်တို့လည်း ရရှိမည်ဟု သိရသည်။

4 th Miss Universe Myitkyina Grand Final အလှမယ် ရွေးချယ်ပွဲကို မတ်လ ၁၉ ရက်ညတွင် မြစ်ကြီးနားမြို့ရှိ မနောင်ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ပထမအကြိမ်မြောက် Miss Universe Myitkyina အဖြစ် အလှမယ် နန်လတ်ဆိုင်းမိုင်၊ ဒုတိယအကြိမ်မြောက် Miss Universe Myitkyina အဖြစ် အလှမယ်ဂျာဒင်ကိုင်နှင့် တတိယအကြိမ်မြောက် Miss Universe Myitkyina အဖြစ် အလှမယ် ရှိုလင်းဆိုင်းနူးနူးပန်တို့က ဆွတ်ခူးရရှိခဲ့ကြပြီး ၎င်းတို့သည် Miss Universe Myanmar အလှမယ်ပြိုင်ပွဲကြီးသို့ မြစ်ကြီးနားကိုယ်စားပြု အလှမယ်အဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆိုင်းထွယ်ဇင်

## Miss Lumiere International World 2018 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်အဖြစ်ယှဉ်ပြိုင်ရန် အမ်ဆိုင်းခေါန်ကို ရွေးချယ်

မတ် ၂

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် Miss Lumiere International World 2018 အလှမယ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် ကချင်တိုင်းရင်းသူ အလှမယ်အမ်ဆိုင်းခေါန်ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည့် အလှမယ်ကို Myanmar Beauty Paradise Organization က ရွေးချယ်ခြင်းဖြစ်ပြီး ရွေးချယ်ခံရသူသည် လာမည့်ဇွန်လတွင် သွားရောက်ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း အလှမယ်အမ်ဆိုင်းခေါန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောပြသည်။

“အခုပြိုင်ပွဲအတွက် အခိုကကတော့ ဘာသာစကားလေ့လာနေတယ်။ နိုင်ငံတကာက အလှမယ်တွေနဲ့ ပြိုင်ရမှာဆိုတော့ စိတ်ဖိစီးမှုတော့ နည်းနည်းများနေတယ်။ ကချင်ပြည်နယ်ရဲ့ ဂုဏ်ကိုသာမက မြန်မာနိုင်ငံဂုဏ်ကိုပါ ဆောင်နိုင်တဲ့ အလှမယ်ဖြစ်အောင် ကြိုးစားသွားပါ့မယ်”ဟု အလှမယ် အမ်ဆိုင်းခေါန်ကပြောသည်။

အလှမယ် အမ်ဆိုင်းခေါန် အနေဖြင့် လတ်တလောတွင် မဂ္ဂဇင်းနှင့် ဂျာနယ်တို့အတွက် အလှဓါတ်ပုံများ ရိုက်ကူးပေးနေကြောင်း သိရသည်။



Miss Lumiere International World 2018 အလှမယ်ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၄၀ ကျော်မှ အလှမယ်များ လာရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး တူညီဝတ်စုံ၊ ရေကူးဝတ်စုံ၊ ညနေခင်းဝတ်စုံ၊ National Costume များဖြင့် ယှဉ်ပြိုင်ရမည်ဟု သိရသည်။

အလှမယ် အမ်ဆိုင်းခေါန်သည် မြစ်ကြီးနားမြို့ရှိ ယုဇနရပ်ကွက်တွင် နေထိုင်သူတစ်ဦးဖြစ်ပြီး ၂၀၀၆ ခုနှစ်မှ စတင်ကာ Modeling လောကသို့ စတင်ခြေချလာသော အလှမယ်တစ်ဦးဖြစ်သည်။

ဆိုင်းထွယ်ဇင်

## Mrs Union Of Kachin State 2018 Grand Final အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲ သုံးဦးရွေးချယ်

မတ် ၅

မြစ်ကြီးနားမြို့ရှိ အောင်နန်း RC ဘုရားကျောင်းတွင် ကျင်းပခဲ့သော Mrs Union Of Kachin State 2018 Grand Final အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲတွင် မြစ်ကြီးနားကိုယ်စားပြုမိုးညှင်း ကိုယ်စားပြုနှင့်ဗန်းမော်ကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ်သုံးဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲကို မတ်လ ၅ ရက်က ကျင်းပခဲ့ပြီး Mrs Union Of Kachin State 2018 Myitkyina ဆုရှင်အဖြစ် အလှမယ် ထူးကေခိုင်၊ Mrs Union Of Kachin State 2018 Bamaw ဆုရှင်အဖြစ် အလှမယ် ခင်မာဌေး၊ Mrs Union Of Kachin State 2018 Mohynin ဆုရှင်အဖြစ် အလှမယ် နုနုဝင်းတို့ကို ရွေးချယ်ခဲ့သည်။

ထိုပြိုင်ပွဲဝင် ရွေးချယ်ခံခဲ့ရသည့် အဆိုပါ အလှမယ် သုံးဦးသည် ရန်ကုန်မြို့တွင် ထပ်မံကျင်းပသွားမည့် Mrs Union Of Myanmar 2018 ပြိုင်ပွဲသို့ ထပ်မံသွားရောက် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း City Director ကိုပြည့်စုံအောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ကျွန်တော်တို့ ရွေးချယ်ခဲ့တဲ့ အိမ်ထောင်ရှင် အလှမယ်တွေက တကယ်ကိုတော်လို့ အရည်အချင်းရှိတဲ့ အလှမယ်လေးတွေဖြစ်လို့ ကချင်ပြည်နယ်ကိုယ်စားပြုအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ သူတို့ ထပ်ယှဉ်ပြိုင်မယ့် ရန်ကုန်ပြိုင်ပွဲမှာလည်းအကောင်းဆုံး ယှဉ်ပြိုင်နိုင်မယ်ဆိုတာ ယုံတယ်။ ကျွန်တော်တို့ဘက်ကလည်း သူတို့ကို ပြိုင်ပွဲတစ်လျှောက် ပံ့ပိုးပေးသွားပါ့မယ်”ဟု ကိုပြည့်စုံအောင်က ပြောသည်။

ထို့အပြင် အဆိုပါ အိမ်ထောင်ရှင် အလှမယ်ပြိုင်ပွဲတွင် 1st Runner Up ဆုရှင်အဖြစ် အလှမယ် နှင်းသီတာအောင်၊ 2 nd Runner Up ဆုရှင်အဖြစ် အလှမယ်ငြိမ်းငြိမ်းစံ၊ The Best Photogenic Award ကို အလှမယ်နန်ထု၊ Mrs Confidence Award ကို နှင်းသီတာအောင်၊ The Best Personality Award ကို အလှမယ် မရန်ခေါန်နူး၊ The Best Catwalk ကို အလှမယ် လုနန် အပြင် The Best Talent Award ကို အလှမယ် ခင်မာဌေးနှင့် People Choice Award ကို အလှမယ်ထူးကေခိုင်တို့က ရရှိခဲ့သည်။

အဆိုပါ အလှမယ်ပြိုင်ပွဲတွင် အလှမယ် ၁၈ ဦး က တူညီဝတ်စုံ၊ မြန်မာဝတ်စုံ၊ ညနေခင်းဝတ်စုံများဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ဆိုင်းထွယ်ဇင်

# ဥပဒေမူကြမ်းအတိုင်း အကြီးစားလုပ်ကွက်များ ထပ်မံခွင့်ပြုမည်ဆိုလျှင် အစိုးရသက်တမ်းအတွင်း ကျောက်စိမ်းများ ကုန်ဆုံးသွားနိုင်


ဖားကန့်ကျောက်စိမ်းကုမ္ပဏီမှ စွန့်ပစ်သော မြေစာပုံ

ဓါတ်ပုံ - စည်သူ(မြစ်ကြီးနား)

မတ် ၂

၂၀၁၇ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေမူကြမ်းထဲတွင် ပါရှိသည့်အတိုင်း အကြီးစားလုပ်ကွက်များကို လုပ်ငန်းလုပ်ကိုင်ခွင့် ထပ်မံချထားပေးမည်ဆိုပါက ယခု အစိုးရသက်တမ်းအကုန်တွင် ကျောက်စိမ်းတွင်းများ ကုန်ဆုံးသွားနိုင်သည်ဟု ကချင်အမျိုးသားကွန်ဂရက်ပါတီမှဥက္ကဋ္ဌ ဒေါက်တာ Mကောန်လက ပြောသည်။

ပြည်သူ့လွှတ်တော် သဘာဝသယံဇာတ စိစစ်ရေးမူကြမ်းထဲတွင် အကြီးစားလုပ်ကွက် ဧက ၅၀ အား ထပ်မံ၍တူးဖော်ခွင့်ပြုရန် ထည့်သွင်းဖော်ပြထားခြင်းနှင့် ပတ်သက်ပြီး ဒေါက်တာ M ကောန်လက အထက်ပါအတိုင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

"လေ့လာကြည့်သလောက်က တကယ်ကောင်းတဲ့ ကျောက်ကြောက ဧကငါးထောင်လောက်ပဲ ရှိတော့တယ်။ ကျန်တာက အကုန်ကုန်ပြီ။ ခန့်မှန်းချက်အရဆိုရင်တော့ ကျောက်မျက်ထုတ်လုပ်မှုက ၂၀၂၀ အထိ ရောက်ပါ့မလားလို့တောင် စဉ်းစားတယ်။ ၂၀ ပင်လုံလည်းပြီးရော ကျွန်တော်တို့ သယံဇာတလည်းကုန်ရော ဖြစ်လိမ့်မယ်။ ဘာမှကို ကျန်တော့မှာ မဟုတ်တော့ဘူး"ဟု ဒေါက်တာ M ကောန်လက သူ၏အမြင်ကို ပြောသည်။

အဆိုပါ သဘာဝသယံဇာတ စိစစ်ရေးမူကြမ်းထဲတွင် အကြီးစားလုပ်ကွက် ဧက ၅၀ အားထပ်မံ၍ တူးဖော်ခွင့်ပြုရန် ထည့်သွင်းဖော်ပြထားပြီး လုပ်ကိုင်ခွင့်ရရှိမည့် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများက စက်ယန္တရားကြီးများဖြင့် အချိန်ပြည့် တူးဖော်နေမည်ဆိုပါက အချိန်မတန်ခင် ကျောက်စိမ်းများ ကုန်ဆုံးသွားမည်ဖြစ်သည်ဟု ၎င်းကဆက်လက်ပြောသည်။

အကြီးစားလုပ်ကွက်များအတွက် ဧက ၅၀ ထပ်မံချပေးရန် သတ်မှတ်ထားခြင်းနှင့်ပတ်သက်၍ သတ်မှတ်လုပ်ကွက်ထက်ကျော်လွန်ကာ လုပ်ကိုင်မည်ဆိုပါက အရေးယူသင့်ကြောင်း၊ လက်ရှိအချိန်တွင် ဖားကန့်ကျောက်စိမ်းမြေအတွင်း ကျောက်စိမ်းတူးဖော်နေသည့် ယန္တရားပေါင်းတစ်သောင်းကျော် ရှိနေသည့်အတွက် ထိုယာဉ်များကို ကန့်သတ်သင့်ကြောင်း၊ ထိုသို့ တားဆီးမှုများမပြုလုပ်နိုင်ပါက အချိန်တိုအတွင်း ဖားကန့်မြေပျောက်ကွယ်သွားနိုင်ကြောင်း ပြည်နယ် ကျောက်မျက်လုပ်ငန်းများအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးဇေလွှမ်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဧကတွေကို သတ်မှတ်တဲ့အတိုင်း တူးဖော်ကြရင်တော့ ကိစ္စမရှိဘူး။ အချိန်အကြာကြီး တူးလို့ ရနိုင်မယ်။ အခုက စက်ယန္တရားတွေလည်းမကန့်သတ်ဘူး။ ဒါတွေမကန့်သတ်နိုင်ဘူး၊ လုပ်ကွက်တွေလည်း ပိုတူးနေကြတယ်ဆိုရင် သေချာတယ် ခဏလေးနဲ့ ကုန်သွားမယ်"ဟု ဦးဇေလွှမ်းက ပြောသည်။

ဇန်နဝါရီလ ၂၉ ရက်တွင် ပြည်သူ့လွှတ်တော် သဘာဝသယံဇာတကော်မတီမှ ၂၀၁၇ ကျောက်မျက်ရတနာ ဥပဒေ စိစစ်မူကြမ်းထွက်ရှိခဲ့ရာ ထိုစိစစ်မူကြမ်းထဲတွင် အကြီးစားလုပ်ကွက်များအား လုပ်ကိုင်ခွင့် ထပ်မံချပေးခြင်းအပြင် အချို့အချက်များမှာ ဒေသခံပြည်သူလူထု အကျိုးစီးပွားအတွက် မပါဝင်သည့်အတွက် ထိုဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ကချင်နိုင်ငံရေးပါတီများ ပူးပေါင်းညှိနှိုင်းရေးကော်မတီ(KNPC)က ဦးဆောင်ကာ မြစ်ကြီးနားမြို့နှင့် ဖားကန့်မြို့များတွင် ကန့်ကွက်ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်ရသည့် အဓိက အကြောင်းအရင်းများမှာ အကြီးစားလုပ်ကွက်များထပ်မံတိုးချဲ့သတ်မှတ်ခြင်းနှင့် ဖားကန့်တွင် အသုံးပြုနေသည့် စက်ယန္တရားများကို ကန့်သတ်ခြင်းများ မပါဝင်ခြင်း၊ ရတနာမြေသတ်မှတ်ရာတွင် လွှတ်တော်များ၏သဘောထား တင်ပြတောင်းခံမှု မပါဝင်ခြင်း၊ ကျောက်မျက်ထုတ်လုပ်ရေး လုပ်ကိုင်ခွင့်တွင် အကြီးစားအတွက် အဆိုပြုလွှာ စည်းကမ်းမဖော်ပြခြင်းအပြင် အလတ်စား၊ အသေးစား၊ လက်လုပ်လက်စား လုပ်ကွက်များအတွက် တိုက်ဆိုင်လျှောက်လွှာများရွေးချယ်မှု စည်းကမ်းအတိအကျ ဖော်ပြမထားခြင်းနှင့် ၂၀၁၇ ကျောက်မျက်ရတနာ ဥပဒေနှင့် နည်းဥပဒေလျှင်မြန်စွာ ပြဋ္ဌာန်းနိုင်ရေးတို့အတွက်ဖြစ်ကြောင်း သိရသည်။

"ကမ္ဘာကျော် ဂျေဒိုက်ကျောက်စိမ်း(Jadite) ဆိုတာ ကျွန်တော်တို့နိုင်ငံမှာပဲ ထွက်တယ်။ ဒါပေမယ့် အခု ကုန်တော့မယ်။ မကုန်ခင်မှာ တိုင်းပြည်လည်း အကျိုးရှိရမယ်။ လူထုလည်း အကျိုးအမြတ်ခံစားခွင့်ရရမယ်။ လူတစ်စုပဲရတာ လက်မခံဘူး။ အဲဒါကြောင့် လူတစ်စုမှ ပြည်သူလူထုသို့ဆိုတဲ့ ခေါင်းစဉ်နဲ့ ဒီဆန္ဒပြပွဲကို လုပ်တာဖြစ်တယ်"ဟု ဆန္ဒပြပွဲကို ဦးဆောင်သည့် ဒေါက်တာ M ကောန်လက ပြောသည်။

ကျောက်မျက်ရတနာဥပဒေကို ဥပဒေ၊ နည်းဥပဒေများ မထွက်ပေါ်မီ အမြန်ဆုံးပြင်ဆင်နိုင်ရန် တိုက်တွန်းနိုးဆော်သွားမည်ဖြစ်ပြီး အထက်ပါဥပဒေအတိုင်း အတည်ပြုပြဋ္ဌာန်းမည်ဆိုပါက ကန့်ကွက်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဟု ကချင်နိုင်ငံရေးပါတီပူးပေါင်းညှိနှိုင်းရေး ကော်မတီမှ လူထုဆက်သွယ်ရေး တာဝန်ခံဦးဘရန်အောင်၏ ပြောကြားချက်အရ သိရသည်။

"အမျိုးသားလွှတ်တော်ကို ပြောလိုက်ရင် ပြည်သူ့လွှတ်တော်က ကန့်ကွက်ပြန်ပြီ။ လွှတ်တော်နှစ်ခုကြားမှာကို မညီမျှဘူး။ မပြင်မချင်းတော့ ဒီထက်ပိုပြီးတော့ ကန့်ကွက်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု ဦးဘရန်အောင်က ပြောသည်။

ဖားကန့်မြို့နယ်တွင် မြေဧက ၁၄ သိန်းကျော် (၁၄၉၆၈၇၇)ရှိပြီး ကျောက်စိမ်းလုပ်ကွက်ပေါင်း ရှစ်ထောင်ခန့် (၇၉၉၇)ကို ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ ၃၀၀ ကျော်အား တူးဖော်ခွင့်ပြုထားကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)




## ဝန်ထမ်းအလိုရှိသည်

၁။ Sales & Marketing - ကျား / မ (၁) ဦး၊ လစာ - (၃၀၀,၀၀၀/-)
အသက် - (၃၀ - ၄၅) နှစ်၊ ပညာအရည်အချင်း - ဘွဲ့ရ

၂။ Accountant - မ (၁) ဦး ၊ လစာ - (၂၅၀,၀၀၀/-)
အသက် - (၂၅ - ၃၅) နှစ်၊ ပညာအရည်အချင်း - LCCI, Level II, III
ဘွဲ့ရလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

၃။ အလုပ်အချိန် - နံနက် (၉) နာရီမှ ညနေ (၅) နာရီ

၄။ နေရာဌာန - YANGON TYCOON LUBRICANTS CO;Ltd, မြစ်ကြီးနားရုံးခွဲ (အင်ဂျင်ဝိုင်ကုမ္ပဏီ) တွင်တာဝန်ထမ်းဆောင်ရမည်။ (မြစ်ကြီးနားမြို့ဒေသခံများဖြစ်ရမည်။

၅။ ဆက်သွယ်ရန် - အမှတ် F-2,F-3 (Power View Group Co;Ltd ရုံး) အား/ကာတိုက်တန်း၊ ရှေ့ရပ်ကွက်၊ မြစ်ကြီးနားမြို့ ဖုန်း - ၀၇၄ - ၂၀၁၄၉၊ ၀၇၄ - ၂၀၁၄၂ (၁၅.၃.၂၀၁၈)
ရက်နေ့နောက်ဆုံးလျှောက်ထားရမည်ဖြစ်သည်။

# ပင်လုံညီလာခံကို ဧပြီလ (သို့မဟုတ်) မေလဆန်းတွင် ကျင်းပနိုင်ရန် လျာထား

မတ် ၂

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေးကို ဧပြီလကုန်(သို့မဟုတ်) မေလဆန်းပိုင်းတွင် ကျင်းပရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။

အဆိုပါ တတိယအကြိမ် ပင်လုံညီလာခံ ကျင်းပမည့်ရက်သတ်မှတ်သည့် ဆုံးဖြတ်ချက်ကို ဖေဖော်ဝါရီလ ၂၈ ရက်က ပြုလုပ်သည့် သတ္တမအကြိမ်မြောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (JICM) အစည်းအဝေးတွင် ဆွေးနွေးကာ သဘောတူညီမှုရယူခဲ့ကြခြင်း ဖြစ်သည်။


၂၁ ရာစုပင်လုံညီလာခံ ကျင်းပပြုလုပ်နေပုံ

ထို့အပြင် ဖေဖော်ဝါရီလ ၂၇ ရက်တွင် ပြုလုပ်သည့် ၁၄ ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အစည်းအဝေးတွင်လည်း တတိယအကြိမ် ပင်လုံညီလာခံအစည်းအဝေးကို အမြန်ဆုံးကျင်းပနိုင်ရန်အတွက် ဆွေးနွေးခဲ့ကြကြောင်း UPDJC နိုင်ငံရေးပါတီများအဖွဲ့တွင်ပါဝင်သည့် အဖွဲ့ဝင် ဒေါက်တာတူးဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"UPDJC မှာ တတိယကြိမ် ပင်လုံအစည်းအဝေး အမြန်ဆုံးကျင်းပနိုင်ရေးကို ဆွေးနွေးခဲ့တယ်။ ကျင်းပမယ့်ရက် သတ်မှတ်တာတော့ မလုပ်ခဲ့ကြဘူး။ JICM အစည်းအဝေးမှာက ရက်တော့ သတ်မှတ်ခဲ့တယ်။ ဒီတစ်ခေါက်တော့ ရက်မရွှေ့တော့ဘူး"ဟု ဒေါက်တာတူးဂျာ ပြောသည်။

တတိယအကြိမ် ပင်လုံညီလာခံအစည်းအဝေးကိုလက်ရှိအချိန်ထိ မကျင်းပဖြစ်ဘဲ ကြန့်ကြာနေရခြင်းမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ မပြုလုပ်ရသေးသည့် ဒေသများ ရှိနေခြင်းကြောင့်ဟု UPDJC နိုင်ငံရေးပါတီများအဖွဲ့ဝင် ဒေါက်တာတူးဂျာက ရှင်းပြသည်။

"မွန်နဲ့ လားဟူကလည်း NCA လက်မှတ်ထိုးဖို့ ဖြစ်လာတာကိုး။ သူတို့ စောင့်တာက တစ်ပိုင်း။ လက်မှတ်ထိုးပြီးပြီဆိုတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ဖို့ရှိသေးတယ်။ နောက်တစ်ပိုင်းက RCSS/SSA က အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမလုပ်ဖြစ်သေးဘူး"ဟု ဒေါက်တာတူးဂျာက ဆက်လက်ပြောသည်။

ရှမ်းပြည်တပ်မတော်တောင်ပိုင်း (RCSS/SSA) အနေဖြင့် အစိုးရဘက်က သတ်မှတ်ပေးသည့် လင်းခေးမြို့တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမပြုလုပ်မီ အကြိုဆွေးနွေးပွဲများကို နေရာပေါင်း ၂၀ တွင် ပြုလုပ်လိုနေသည်ဟု ဒေါက်တာတူးဂျာ၏ ပြောကြားချက်အရ သိရသည်။

ရှမ်းလူထုများနှင့် အကြိုဆွေးနွေးပွဲများ ကျင်းပခွင့်ကို တောင်ကြီးမြို့အပါအဝင် အချို့နေရာများတွင် ပြုလုပ်ရန် အစိုးရနှင့် တပ်မတော်ကခွင့်ပြုခြင်းမရှိသည့်အတွက် လင်းခေးမြို့တွင်ပြုလုပ်မည့် ဆွေးနွေးပွဲကို ဆိုင်းငံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"သူတို့ရွေးတဲ့တချို့မြို့တွေကို တပ်ဘက်က ခွင့်မပြုဘူးလေ။ အကြိုဆွေးနွေးပွဲ ခွင့်မပြုရင် လင်းခေးမှာလည်း မလုပ်နိုင်သေးဘူးပေါ့။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမလုပ်နိုင်သေးဘူးဆိုရင် ပင်လုံညီလာခံလဲ ရက်ရွှေ့ဆိုင်းရမယ်ဆိုတဲ့ဟာတွေ ရှိတယ်။ အဲဒါကြောင့် ကြန့်ကြာနေတာပါ။ အခုကတော့ လင်းခေးမှာပဲ လုပ်ဖို့ ပြောလိုက်ပြီ။ တခြားပြဿနာတော့ မရှိပါဘူး"ဟု ၎င်းကပြောသည်။

အဆိုပါ JICM အစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက်တွင် NCA လက်မှတ် ရေးထိုးခဲ့ကြသည့် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ်ပါတီတို့လည်း တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့အပြင် ငြိမ်းချမ်းရေးကော်မရှင်နှင့် မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက် ၉ ချက်ကို JICM အစည်းအဝေးတွင် မှတ်တမ်းတင်အတည်ပြုခဲ့သည်ဟု သိရသည်။

တတိယအကြိမ် ပင်လုံညီလာခံအား ၂၀၁၈ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ကျင်းပသွားမည်ဟု တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) ၏ ၆ ကြိမ်မြောက် အစည်းအဝေးတွင် ဆုံးဖြတ်ထားခဲ့သော်လည်း အထက်ပါ အကြောင်းကိစ္စများကြောင့် ရက်ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

တတိယအကြိမ် ပင်လုံညီလာခံအစည်းအဝေးတွင် ဒုတိယအကြိမ် အစည်းအဝေး၌ မပြီးပြတ်ခဲ့သည့် ပြည်နယ်များ၏ ဖွဲ့စည်းပုံရေးဆွဲခွင့်မှ ပြည်ထောင်စုမှခွဲမထွက်ရဆိုသည့် စကားရပ်အပေါ် အပြီးသတ်ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်သွားကြမည်ဖြစ်သည်။

NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက NCA အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်အရ ပြုလုပ်ဆောင်ရွက်ရမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် လူထုတွေ့ဆုံပွဲများ ကန့်သတ်ပိတ်ပင်ခံရခြင်းနှင့် ပတ်သက်သော ဖြေရှင်းရန်ကိစ္စရပ်များအတွက် နိုင်ငံတော်တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်း အဖြေရှာပြီးမှသာ ညီလာခံကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ဇန်နဝါရီ ၁၂ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

Salai





မြစ်ကြီးနားသတင်းဂျာနယ်
(မတ် ၉ - မတ် ၁၅၊ ၂၀၁၈)

# ငွေကျပ်နှစ်ထောင်နဲ့ ဘဝကိုအစပြုပြီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်လာသူ

**ကချင်ပြည်နယ်အတွင်းမှာ ဖြစ်ပေါ်နေတဲ့ စီးပွားရေးအခြေနေတွေ၊ လူငယ်တွေ အလုပ်လက်မဲ့ ဖြစ်နေရတဲ့ အကြောင်းတွေ၊ ငြိမ်းချမ်းရေးကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုတွေကို သိရှိနိုင်ဖို့ ပြည်နယ်ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဦးအားမှုနဲ့ တွေ့ဆုံမေးမြန်းထားခဲ့တာတွေကို မြစ်ကြီးနားသတင်းဂျာနယ် တဖတ်ပရိတ်သတ်ကြီးအတွက် အခုလို ဖော်ပြပေးလိုက်ပါတယ်။ ဦးအားမှုဟာ အသက် ၄၇ နှစ်ရှိပြီဖြစ်ပြီး သူဟာ အသက် ၂၀ လောက်ကတည်းက စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်လာခဲ့တယ်လို့ သိရပါတယ်။ အဲဒီအချိန်က သူ့ရဲ့လက်ထဲမှာ ပိုက်ဆံ နှစ်ထောင်ပဲရှိခဲ့တယ်လို့ ဆိုပါတယ်။ ဦးအားမှု အလုပ်လုပ်ကိုင်စဉ်က ၂၁၈ မိုင်ဝေးတဲ့ မြစ်ကြီးနား–ပူတာအိုခရီးစဉ်မှာ အထမ်းသမားအဖြစ်နဲ့ ဘဝစခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာတော့ ဖားကန့်မြို့မှာ ရေမငဆေးကျောက်ရှာတဲ့အလုပ်ကို လုပ်ကိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီလို ရေမငဆေးကျောက် ရှာရာကနေ ကျောက်မရလို့ ကျောက်ပွဲစားအဖြစ် လုပ်ကိုင်ရင်း ပိုက်ဆံစုပြီး အသက် ၃၇ နှစ်လောက် အရောက်မှာ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင် ဖြစ်လာခဲ့တယ်လို့ သိရပါတယ်။လက်ရှိအချိန်မှာတော့ သူဟာ Top Star Light ရေသန့်စက်ရုံကို ထောင်ထားတဲ့အပြင် ကျောက်စိမ်း၊ ပယင်း စတဲ့အလုပ်ကို လုပ်ကိုင်ရင်း ကချင်ပြည်နယ်ရဲ့ အောင်မြင်ကျော်ကြားတဲ့ လုပ်ငန်းရှင်စာရင်းထဲကို ပါဝင်နေပြီဖြစ်ပါတယ်။ ဒီလို အောင်မြင်တဲ့လုပ်ငန်းတွေကို လုပ်ကိုင်နေတဲ့အပြင် ဦးအားမှုဟာ လီဆူရိုးရာစာပေနဲ့ ယဉ်ကျေးမှုဗဟိုကော်မတီရဲ့ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါတယ်။**

စည်သူ(မြစ်ကြီးနား) မေးမြန်းသည်

**မေး။ ။ပထမဦးဆုံးအနေနဲ့ ကချင်ပြည်နယ်ရဲ့ လက်ရှိစီးပွားရေး အခြေအနေကိုပြောပြပေးပါ။**

ဖြေ ။ ။ အခုလက်ရှိ ကျွန်တော်တို့ ကချင်ပြည်နယ်က စီးပွားရေးအခြေအနေကိုပြောရမယ်ဆိုလို့ရှိရင် မငြိမ်းချမ်းတဲ့အတွက် ပြည်သူတွေအားလုံး ဒုက္ခရောက်နေကြတယ်။ကချင်ပြည်နယ်မှာတင် မဟုတ်ပါဘူး။ မြန်မာပြည် တစ်ပြည်လုံးမှာရှိတဲ့ ပြည်သူအားလုံး ဒုက္ခရောက်နေကြတယ်။ စစ်ဒဏ်ကိုခံရတဲ့ ဒီကချင်ပြည်နယ်မှာကတော့ စီးပွားရေးမှာ အဘက်ဘက်က ချွတ်ခြုံကျနေတာပေါ့။

**မေး ။ ။ဒီလိုစီးပွားရေးတွေ ချွတ်ခြုံကျလို့ ပြည်နယ်တွေမှာ ဘယ်လောက်ထိ အခက်အခဲဖြစ်နေရလဲဆိုတာ ပြောပြပေးပါ။**

ဖြေ။ ။ကချင်ပြည်နယ် အတိုင်းအတာနဲ့ ပြောမယ်ဆိုရင် ဒီမှာ စစ်ရှောင်စခန်းဆိုပြီးမှ ရှိနေကြတယ်။ ဒီစစ်ရှောင်စခန်းမှာနေတဲ့သူပဲ စစ်ပြေးဖြစ်နေကြတာ မဟုတ်ပါဘူး။ ကျွန်တော်မြင်တာကတော့ ကချင်ပြည်နယ် တစ်ပြည်နယ်လုံးမှာ ရှိနေတဲ့ လူထုအားလုံးက စစ်ရှောင်ဖြစ်နေရတာပါ။ ကချင်ပြည်နယ်သူ/သားတွေက ဘာစီးပွားရေးကို အခြေခံသလဲဆိုရင် စိုက်ပျိုးရေးကို အခြေခံတယ်။ နောက်ပြီး သယံဇာတကို အခြေခံပြီး လုပ်စားကြတယ်။ ကျောက်စိမ်း၊ ပယင်း၊ ရွှေ၊ သစ်၊ ကြိမ် ဒီလုပ်ငန်းတွေကို ပြည်သူ ၈၀ ရာခိုင်နှုန်းက မှီခိုပြီး လုပ်ကိုင်ကြတယ်။ မငြိမ်းချမ်းတဲ့ဒေသတွေမှာ မိုင်းတွေထောင်ထားတယ်။တိုက်ပွဲတွေဖြစ်တဲ့အချိန်မှာ ပြည်သူလူထုက ဘယ်မှသွားလို့မရဘူး။ အဲဒီတော့ စားဝတ်နေရေးက အရမ်းခက်ခဲတယ်။ ဒါကို ဖြေရှင်းနိုင်မယ့်နည်းလမ်းကို ကျွန်တော်တို့ ရှာဖို့လိုမယ်။

**မေး။ ။စီးပွားရေးလုပ်ကိုင်ရတဲ့နေရာမှာ လက်ရှိ ဘယ်လို အခက်အခဲတွေနဲ့ရင်ဆိုင်နေရလဲဆရာ။**

ဖြေ။ ။အခက်တွေကတော့ အများကြီးပါပဲ။ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်တော့ အဓိကက လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး ရရှိရေး ဒါတွေဟာ တကယ်ကို အရေးကြီးတယ်လို့ ကျွန်တော်မြင်တာပေါ့။ ကချင်ပြည်နယ် အစိုးရနေနဲ့တော့ လက်ရှိအနေအထားမှာ လမ်းတွေ၊ တံတားတွေကို ယခင်အစိုးရအဆက်ဆက် မလုပ်တဲ့အရာတွေကို လုပ်နေတာ တွေ့ရတယ်။ ဒါကို ကျေးဇူးတင်ပါတယ်။ မဖြစ်မနေ လိုအပ်တာကတော့ လျှပ်စစ်ကဏ္ဍပဲ။ ဥပမာ- ကျွန်တော်ဆို ရေသန့်လုပ်ငန်း လုပ်နေတယ်။ လျှပ်စစ်မီးကိုမှီပြီး လုပ်နေရတယ်။ ဒီမှာတော့ အဓိကကတော့ ဘူးဝါးကနေ တာဝန်ယူဖြန့်ဝေနေတယ်။ မီးက မှန်သလားဆိုရင် မမှန်ဘူး။ မနက်လာလိုက် ညပျက်လိုက် နေ့ပျက်လိုက်နဲ့။ မီးကိုအားကိုးပြီး လုပ်နေရတဲ့အချိန်မှာ အရမ်းကိုအခက်အခဲဖြစ်တယ်။ ဒါကြောင့် ကချင်ပြည်နယ်အစိုးရ အနေနဲ့ရော မြန်မာနိုင်ငံ အစိုးရအနေနဲ့ရော ဒီလျှပ်စစ်မီးကို အဓိကဦးစားပေးပြီး ဆောင်ရွက်စေချင်တယ်။ ဘယ်လိုနည်းနဲ့ပဲရရ ကြိုးစားပြီး လုပ်ပေးစေချင်ပါတယ်။မြို့တွင်းဧရိယာလောက်ပဲ လျှပ်စစ်မီးရနိုင်တယ်။ ကျေးလက်ဒေသတွေမှာ မရနိုင်ဘူး။ ဖယောင်းတိုင်မီး ထွန်းနေရတဲ့သူတွေ ရှိတယ်။ လျှပ်စစ်မီးရမှ ကချင်ပြည်နယ်က ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်တော်မြင်တယ်။

**မေး ။ ။ ၂၀၀၀ မှာ တစ်ကျော့ပြန်တိုက်ပွဲတွေ ပြန်ဖြစ်ကြတယ်။ အဲဒီနောက်ပိုင်းက စီးပွားရေးလုပ်ကိုင်ရတဲ့ အခြေအနေနဲ့ စစ်မဖြစ်ခင်က စီးပွားရေးလုပ်ကိုင်ရတဲ့ အခြေအနေကိုနှိုင်းယှဉ်ပြီး ပြောပြပေးပါဦး။**

ဖြေ ။ ။အရင်တုန်းက နယ်မြေငြိမ်းချမ်းတဲ့အချိန်မှာ ကျွန်တော်တို့အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ အပစ်အခတ် ရပ်တာ ၁၇ နှစ်လောက် ကြာခဲ့တာပေါ့လေ။ အဲဒီအချိန်က စီးပွားရေးလုပ်တဲ့အချိန်မှာ အဘက်ဘက်က လွတ်လပ်တယ်။ အရင်တုန်းက ကျွန်တော်တို့လည်း သဘာဝသယံဇာတကို အားကိုခဲ့ရတယ်။ လွတ်လွတ်လပ်လပ်နဲ့ပဲ သွားလာ လုပ်ကိုင်လို့ရတယ်။ အခုနောက်ပိုင်းမှာတော့ ဘယ်သွားသွား အသက်အန္တရာယ် စိုးရိမ်ရတယ်။ မငြိမ်းချမ်းတဲ့အတွက် လူမှုရေး၊ စီးပွားရေး၊ အကုန်လုံးက တောက်လျှောက်ကျသွားတယ်။

**မေး။ ။သဘာဝသယံဇာတကို မှီခိုပြီးတော့ တိုင်းရင်းသားတွေအများဆုံး စီးပွားရှာကြတယ်လို့ ဆရာပြောတယ်ပေါ့နော်။ အဲဒီအပြင် ဒီသဘာဝသယံဇာတကိုမမှီခိုဘဲနဲ့ ကချင်ပြည်နယ် စီးပွားရေးတိုးတက်ဖို့ တခြားဘယ်လိုစီးပွားရေးတွေကိုလုပ်ရင် ရနိုင်မလဲဆိုတာ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ပြောပြပေးပါဦး။**

ဖြေ။ ။ကချင်ပြည်နယ်အနေနဲ့ပြောရရင် ဒီပြည်နယ်က သဘာဝသယံဇာတ အတော်ကိုပေါတဲ့နယ် ဖြစ်တယ်။ တကယ်သာ စနစ်ကောင်းခဲ့ရင် ပြည်နယ်သူ/သားတွေ ဘာမှမလုပ်ဘဲနဲ့တောင် စားလို့ရတယ်။ ဆက်သွယ်ရေးဆိုရင်လည်း တရုတ်ပြည်၊ အိန္ဒိယကို ဖြတ်မယ်ဆိုရင် ကချင်ပြည်က ဖြတ်ရတယ်။ ကချင်ပြည်နယ်မှာ မထွက်တာ ဘာမှမရှိဘူး။ အကုန်ထွက်တယ်။ ဒါပေမယ့် တစ်ချိန်ချိန်မှာတော့ ဒါတွေက ကုန်ဆုံးသွားမှာပါ။ ဒီထက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်လို့ရတဲ့နည်းလမ်းက နိုင်ငံတော်အစိုးရအနေနဲ့ စက်မှုဇုံတွေ ထောင်ပေးဖို့လိုတယ်။ ဇုံကြီးတွေ ထောင်ပေးမယ်ဆိုရင် ပြည်သူလူထု ၁၅သိန်းလောက်ကတော့ အလုပ်လက်မဲ့လည်း မဖြစ်တော့ဘူး။ တခြားနိုင်ငံတွေမှာလည်း သဘာဝသယံဇာတကို မှီခိုပြီး စားနေတဲ့သူတွေ မရှိဘူး။ လူသားအရင်းအမြစ်ကိုအခြေခံပြီးတော့ ကြီးပွားချမ်းသာကြတယ်။ ဘယ်အစိုးရပဲတက်လာလာ အစိုးရတက်လာပြီဆိုရင် ပြည်သူလူထုကောင်းကောင်းမွန်မွန် နေနိုင်စားနိုင်အောင် ဘယ်လိုလုပ်ပေးရမလဲဆိုတာ အဓိကစဉ်းစားပေးသင့်တယ်။

**မေး။ ။ကချင်ပြည်နယ်မှာ အခြေခံ လူတန်းစားတွေကို ကြည့်ရင် လက်ထဲပိုက်ဆံအပိုငွေဆိုတာ မရှိကြဘူး။ ဒီလိုပဲ ရှန်းကန်နေရတယ်။ ဒါတွေကို ဘယ်လို ထိန်းချုပ်မလဲ။ ဒီလို ဆင်းရဲမွဲတေမှုရဲ့ နောက်ဆက်တွဲတွေက ဘာတွေဖြစ်လာနိုင်မလဲ။**

ဖြေ။ ။တစ်အချက်ကဆင်းရဲတာပေါ့။ ပြီးလို့ရှိရင် နှစ်အချက်က ဝင်ငွေထွက်ငွေ မမျှလို့။ သဘောက အိမ်ထောင်တစ်ခုဖြစ်လာပြီဆိုရင် နေ့စဉ်စားဖို့သောက်ဖို့ လိုမယ်။ ကျန်းမာရေးစရိတ်ကအစ နေ့တိုင်းလိုတယ်။ ဒါကို ဘယ်လို ဖြေရှင်းရမလဲဆိုရင် နေ့စဉ်ဝင်ငွေရအောင် လုပ်ပေးဖို့လိုတယ်။ တတ်နိုင်တဲ့သူကတော့ အရင်းအနှီးထောင်ပြီး ဈေးရောင်းကြတယ်။ ဘာမှမလုပ်ဘဲနဲ့ ရှိတာထိုင်စားနေတဲ့သူကတော့ အရမ်းသိသာတယ်။ ကျွန်တော်ဆို အရင်က ကျောက်လုပ်တာ။ ကျောက်မရရင် အဲဒီအချိန်တွေမှာ ရှိတဲ့ပိုက်ဆံကို သုံးရတယ်။ ဝင်ငွေမရှိဘူး။ အခု တစ်လကို ဘယ်လောက်ဆိုပြီး ပုံမှန်ဝင်ငွေလေးရတဲ့ အလုပ်ရှိလာတော့ မိသားစုကို လှည့်ကြည့်စရာ မလိုတော့ဘူး။ ဒီလိုပြဿနာတွေကိုဖြေရှင်းဖို့ လူတိုင်းအလုပ်လုပ်ရမှာ ဖြစ်သလို အစိုးရအနေနဲ့လည်း ပံ့ပိုးရမယ်။ ဥပမာ ငွေထုတ်ချေးပေးတာမျိုးပေါ့။ ချေးတယ်ဆိုတဲ့နေရာမှာလည်း မိသားစုအဆင်ပြေအောင် ထိထိရောက်ရောက် ချေးပေးဖို့ လိုတယ်။



**မေး။ ။ပြည်နယ်စီးပွားရေးကဏ္ဍတွေမှာ လက်ရှိအစိုးရအနေနဲ့ ဘယ်လောက်အထိ ပါဝင်လုပ်ကိုင်ပေးနေတယ်လို့ ထင်ပါသလဲ။**

ဖြေ။ ။အစိုးရအနေနဲ့လည်း လုပ်ချင်မှာပဲလေ။ မငြိမ်းချမ်းလို့ လုပ်လို့မရတဲ့ အပိုင်းတွေလည်း ရှိမှာပေါ့။ ဒီတော့ ငြိမ်းချမ်းရေးရဖို့ အားလုံးမှာတာဝန်ရှိတယ်။ ဒါမှ စီးပွားရေးလုပ်ငန်းတွေကို အစိုးရအနေနဲ့ ကောင်းကောင်းစီမံပြီးမှ လုပ်ကိုင်နိုင်မှာဖြစ်တယ်။ ငြိမ်းချမ်းရေးနဲ့ စီးပွားရေးဆိုတာ ခွဲပြောလို့မရဘူး။ မငြိမ်းချမ်းသရွေ့ကတော့ ဘာစီးပွားရေးမှ အကောင်အထည်ဖော်လို့ရမှာ မဟုတ်ပါဘူး။

**မေး ။ ။ ကချင်ပြည်နယ်မှာ အလုပ်လက်မဲ့တွေ များနေရတာက ဘာကြောင့်လဲဆိုတာ ဆရာ့အမြင်လေး ပြောပြပေးပါဦး။**

ဖြေ။ ။ဒီပြည်နယ်မှာက ပညာတတ် အရမ်းနည်းတယ်။ နည်းပညာလည်း မရှိဘူး။တိုင်းရင်းသားတွေရဲ့ ပင်ကိုယ်စိတ်ကလည်း တပည့်ခံချင်တဲ့စိတ် အရမ်းနည်းတယ်။ ဆရာလုပ်ချင်တဲ့စိတ်ပဲ ရှိတယ်။ ဘာမှမတတ်တာတောင် ဆရာလုပ်ရင် မကြိုက်ဘူး။ ဆိုင်ကယ်ဝပ်ရှော့မှာ အလုပ်သွားလုပ်မယ်ထားပါတော့။ ကိုယ်တိုင်က ဘာမှမတတ်ဘူး။တစ်လ ဘယ်လောက်ပေးမလဲဆိုပြီး တောင်းတယ်။ လစာ အရင် မေးတယ်။ ဒီပညာကို တတ်အောင် အရင်သင်မယ်ဆိုတဲ့စိတ် ကျွန်တော်တို့ တိုင်းရင်းသားအများစုဆီမှာ မရှိကြဘူး။

**မေး။ ။ဆရာ့အနေနဲ့ဘာများ ဖြည့်စွက်ပြောချင်သေးလဲ။**

ဖြေ။ ။အထက်ကကျွန်တော်ပြောခဲ့သလိုပါပဲ။လက်ရှိစီးပွားရေး ချောင်လည်ချင်တယ်ဆိုရင် မဖြစ်မနေ လျှပ်စစ်မီးကို အဓိကထားလုပ်ပါလို့ ပြောချင်ပါတယ်။ နောက်ပြီး ငြိမ်းချမ်းရေးရဖို့ ဝိုင်းပြီးဆုတောင်းကြပါလို့ ပြောချင်ပါတယ်။ ■

မြစ်ကြီးနားသ
(မတ် ၉ - မတ် ၁၅၊ ၂၀


သခင်ကိုယ်တော်မှိုင်း မင်းခြစ်ပန်းချီ

# မချမ်းသော ပန်းချီခရီးသည်


ပန်းချီခရီးသည် မောင်ငွေထွန်း

အဝ်ဝိုဝ်တွမ်




ပန်းချီခရီးသည် မောင်ငွေထွန်း

ပန်းချီမောင်ငွေထွန်း၏ ပျော့ပြောင်းရှုပ်ထွေးသည့် ပန်း
ချီရေးဟန်သည် မြန်မာပန်းချီလမ်းကြောင်း၏ ရေးဟန်သစ်တစ်ခုအဖြစ်ထင်ရှားခဲ့သည်။ ထိုမင်ခြစ်ရေဟန်သစ်လက်ရာများတွင် ဆရာတော်ဦးဥတ္တမသာရ၊ သခင်ကိုယ်တော်မှိုင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘရင်ကလေး၊ဦးငွေကိုင်၊ဦးဘကြည် စသည့် ရုပ်ပုံလွှာများသည် ထင်ရှားခဲ့သည်။ထို့ပြင်တောင်တန်းဒေသတစ်လျှောက် ရေးခဲ့သည့်ပုံကြမ်းများ၊ ခရီးသွားဆောင်းပါးများကို စုပေါင်းထုတ်ဝေခဲ့သည့် "ပန်းချီခရီးသည်" စာအုပ်မှာလည်း ထင်ရှားသောလက်ရာတစ်ခုဖြစ်ခဲ့ပြီး ထိုစာအုပ်သည်ပန်းချီလောကတွင်သာမက မြန်မာနိုင်ငံ၏ ၂၀ ရာစုအထူးခြားဆုံးစာအုပ်စာရင်းတွင် ထည့်သွင်းခြင်းခံခဲ့ရသည်။ မိတ်ဆွေဖြစ်သူ ပန်းချီဦးကြည်ဝင်း(ရန်ကင်း)က "သူ့ခေတ်နဲ့သူကတော့ လူတော်တစ်ယောက်ပါ။ ရေးနည်းရေးဟန်လည်းကောင်းတာပဲ။ မင်ခြစ်မှာတော့ သူကစပြီးတီထွင်တဲ့သဘောလို ဖြစ်နေတာပေါ့။ သူ့ရဲ့လိုင်းတွေက ရှင်နေတယ်လေ။ လိုင်းမသေဘူး။ ဆရာကြီးတွေကအစ သူ့ကိုချီးကျူးကြရတယ်။"ဟု အမှတ်ရခဲ့သည်။

ပန်းချီမောင်ငွေထွန်းသည် တောင်ပေါ်တိုင်းရင်းသားမှတ်တမ်းပုံများကို ရန်ကုန်ဘဆွေ၊ နာဂတောင်တန်းမောင်ကြည်ဇင်တို့နှင့်အတူ နာဂတောင်တန်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း စသည့်ဒေသများသို့သွားကာ မှတ်တမ်းတင် လေ့လာရေးဆွဲခဲ့သည်။ "သို့သော် အမှန်တရားကို တင်ပြရမည်ဆိုသော် လူနှစိတ်နှင့် အပင်ပန်းမခံနိုင်ရှာသော ပန်းချီမောင်ငွေထွန်းသည် ပန်းချီရေးလိုသည့် ရည်ရွယ်ချက်တစ်ခုတည်းဖြင့် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ခရီးသွားခဲ့၏"ဟုရန်ကုန်ဘဆွေက အမှတ်ရခဲ့သည်။ ပန်းချီမောင်ငွေထွန်းသည် ပဲခူး၊ မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း၊ ပြင်ဦးလွင်၊ နာဂတောင်တန်းဒေသများ၊ မြောက်ပိုင်းရှမ်းပြည်များသို့ ၁၉၅၆၊ ၁၉၅၈ ခုနှစ်များတွင် ပန်းချီခရီးထွက်ခဲ့သည်။ ထို့နောက် ထိုပန်းချီခရီးသွားအတွေ့အကြုံများကို ပုံကြမ်းပန်းချီများဖြင့် ရှုမဝမဂ္ဂဇင်း၊ ကြေးမုံသတင်းစာ၊ ဗိုလ်တထောင်သတင်းစာများတွင် ရေးသားဖော်ပြခဲ့သည်။

၁၉၆၂ခုနှစ်၊မေလအတွက် ပန်းချီမောင်ငွေထွန်း၏ခရီးစဉ်သည်မချမ်းသောဒေသဖြစ်ခဲ့သည်။ ပန်းချီမောင်ငွေထွန်းသည် နယ်ခြားအုပ်ချုပ်ရေးရုံး၏အကူအညီဖြင့် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်း၊ နေထိုင်စားသောက်မှုတို့ကို လေ့လာမှတ်သားခဲ့သည်။ နယ်ခြားအုပ်ချုပ်မှုအတွင်းရှိ ကျေးရွာများသို့ ပန်းချီခရီးထွက်သည်။ ဒေသခံတို့၏တောင်ယာစိုက်ပျိုးနည်းအစဉ်အလာသည် ပင်ပင်ပန်းပန်းလုပ်အားပေးစိုက်ကြရသလောက် အကျိုးခံစားမှု နည်းပါးလှသည်ဟု သူမြင်သည်။ "တောင်ပေါ်လူမျိုးစုတို့သည် တောင်စဉ်တောင်တန်းကြီးများကဲ့ သို့ အေးဆေးငြိမ်သက်ဟန်တို့ဖြင့် ရိုးသားစွာ မိရိုးဖလာတောင်ယာစိုက်ပျိုးခြင်းဖြင့် လုပ်ကိုင်စားသောက်ကြလေ၏" ဟု မှတ်တမ်းတင်ခဲ့သည်။ နယ်ခြားအုပ်ချုပ်ရေးကလည်း ၎င်းတို့သည် ၁၉၆၀ ခုနှစ်မှစကာ တောင်တန်းသားများအတွက် မိရိုးဖလာစိုက်ပျိုးနည်းအစဉ်အလာများကို ပြုပြင်ပြောင်းလဲကာ စိုက်ပျိုးရေး ပညာပေးလုပ်ငန်းများ အဓိကလုပ်ဆောင်နေကြောင်း ဆိုသည်။

ပန်းချီမောင်ငွေထွန်းသည် လှေကားထစ်လယ်ယာ စိုက်ပျိုးခင်းများ အဆင့်ဆင့် အကန့်ကန့်ပြုလုပ်စိုက်ပျိုးနည်းပညာပေးပုံနှင့် လိမ္မော်၊ နာနတ်၊ ရှောက်ရိုင်း၊ စပျစ်၊ ပဲအမျိုးမျိုးနှင့် သီးနှံခင်းများစိုက်ပျိုးထားသော မချမ်းသောမြို့၏စံပြပညာပေး စိုက်ပျိုးရေးဥယျာဉ်တို့ကို မင်ခြစ်ပန်းချီဖြင့် မှတ်တမ်းတင်ခဲ့သည်။ မောင်ငွေထွန်းသည် သူ၏မချမ်းသောနယ်ခြား ပန်းချီခရီးဆောင်းပါးကို ၁၉၆၂ ခုနှစ်၊ ဇွန်လ ၂၄ ရက်ထုတ်ဗိုလ်တထောင်သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။ "နယ်ခြားအုပ်ချုပ်ရေးသည်ပြည်ထောင်စုအတွင်းရှိပြည်ထောင်စုသွေးသားများအတွက် နယ်ခြားကျေးရွာဒေသများ၏ လုံခြုံရေး၊ ဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးလုပ်ငန်းများကို အဓိကထား၍ အချိန်ပြည့်မျှ တောင်ပေါ်သားများနှင့်အတူ ပူးပေါင်းညွှန်ကြားလျက် လက်တွေ့ကြိုးစားအားထုတ်လုပ်ကိုင်နေကြသည်ကို တွေ့ကြုံလေ့လာခဲ့ရ၏"ဟုလည်း မှတ်တမ်းတင်သည်။

ပန်းချီမောင်ငွေထွန်းကို ၁၉၃၅ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ မြန်မာပန်းချီလောကအတွက် ထူးခြားသောပန်းချီရေးဟန်၊ မြန်မာ့ပန်းချီလောကနှင့် စာပေလောကအတွက် ထူးခြားသောပန်းချီစာပေလက်ရာများကို ဖန်တီးနိုင်ခဲ့သူဖြစ်သည်။ ၁၉၅၃ ခုနှစ် အသက်၁၇နှစ်အရွယ်တွင် မဂ္ဂဇင်းသရုပ်ဖော်ကိုရေးဆွဲခဲ့သည်။ ရှုမဝမဂ္ဂဇင်းတွင် ကြည်အေး၏ ကဗျာဆရာပြောသောပုံတစ်ပုံကို ပထမဆုံးမဂ္ဂဇင်းသရုပ်ဖော်အဖြစ် စတင်ရေးဆွဲခဲ့သည်။ အိုးဝေ၊စစ်ပြန်၊မြဝတီ၊ ရှုမဝမဂ္ဂဇင်းများတွင် သရုပ်ဖော်ပန်းချီများရေးဆွဲခဲ့ပြီး ထင်ရှားသည့် ပန်းချီဆရာတစ်ဦးဖြစ်လာခဲ့သည်။ ထင်ရှားသော ဆရာတော်ကြီးများ၊ စာပေပညာရှင်ကြီးများ၊ နိုင်ငံရေးခေါင်းဆောင်ကြီးများနှင့် ကြုံကြိုက်လျှင်လျှပ်တပြက်မင်ခြစ်ပုံတူများ ရေးဆွဲတတ်သည်။ ပန်းချီအပ်သူနှင့် သော်လည်းကောင်း၊ ဌာနဆိုင်ရာများနှင့် သော်လည်းကောင်း ဆက်ဆံရာတွင် ပန်းချီဆရာ၏ဂုဏ်သိက္ခာကို အထူးထိန်းသိမ်းဆက်ဆံသည်ဟု ဆိုသည်။ သူ၏အနုပညာအတွက် ပညာမာန်ကိုထားခဲ့သည်။ ဗိုလ်ချုပ်ဈေးအနောက်ဖက်တန်းရှိ သူ၏ဆိုင်ဆိုင်းဘုတ်တွင် "ပန်းချီမောင်ငွေထွန်း ကောင်းရောင်းကောင်းဝယ်"ဟု ရေးထားခဲ့သည်ဟူ၏။ ၁၉၉၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ပန်းချီမောင်ငွေထွန်း ကွယ်လွန်ခဲ့သည်။ သူ၏ပန်းချီခရီးသည်စာအုပ်ကိုလည်း အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေရန် ရည်ရွယ်ထားခဲ့ရာ ထိုစာအုပ်ထွက်ပေါ်လာမည်ဆိုလျှင် သူ၏ပန်းချီခရီးသွားဆောင်းပါးများထဲမှ မချမ်းသောနယ်ခြားပန်းချီခရီးနှင့် မှင်ခြစ်ပန်းချီလက်ရာများကို နိုင်ငံခြားသားများလည်း လေ့လာနိုင်ကြမည် ဖြစ်လေသည်။ ■

# မုန်တိုင်းတိုက်ခတ်မှုကြောင့် စစ်ရှောင်စခန်းရှိ လူနေအိမ်အချို့ပျက်စီးသွားသဖြင့် နေစရာအခက်အခဲဖြစ်နေ

မတ် ၅

ယခုလဆန်းပိုင်းတွင်တိုက်ခတ်သွားသော လေပြင်းမုန်တိုင်းကြောင့် တနိုင်းနှစ်ခြင်း ခရစ်ယာန် ဘုရားကျောင်းရှိ စစ်ရှောင်စခန်းမှ လူနေအိမ်အချို့ ပျက်စီးသွားသည့်အတွက် နေထိုင်ရန် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ယခုလ ၃ ရက် ညနေပိုင်းတွင် မိုးများသည်းထန်စွာ ရွာသွန်းခဲ့ပြီး အထက်ပါအတိုင်း လေပြင်းမုန်တိုင်း တိုက်ခတ်သွားခဲ့ရာ ထိုမုန်တိုင်းကြောင့် စစ်ရှောင်စခန်းမှ တဲအိမ်အချို့၏ မိုးကာရွက်များလန်ကာ ပျက်စီးသွားခြင်းဖြစ်ကြောင်း တနိုင်းကေဘီစီစစ်ရှောင်စခန်းမှ အမှုတော်ဆောင် ဆရာဦးဆန်အောင်ကပြောသည်။

"မိုးကာက ရှစ်လကိုးလလောက် ရှိလာပြီဆိုတော့ ဆွေးနေပြီ။ ကျနော်တို့မှာရှိတဲ့ မိုးကာအဟောင်းနဲ့ပဲ ပြန်ဖာပြီး နေဖို့ စီစဉ်နေတယ်။ မိုးကာတဲနဲ့လုပ်ထားတဲ့အိမ်တွေ အကုန်လုံး ပျက်စီးသွားတယ်။ လောလောဆယ်တော့ ထောက်ပံ့ကူညီမှုတွေ မရသေးလို့ အခက်အခဲဖြစ်နေတယ်"ဟု ဦးဆန်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ရှင်းပြသည်။

သို့သော် အဆိုပါမုန်တိုင်းကြောင့် စစ်ရှောင်စခန်းမှလူနေအိမ်အချို့ ပျက်စီးသွားခဲ့သော်လည်း စခန်းတွင်းလူများတွင်မူ တစ်စုံတစ်ရာထိခိုက်ဒဏ်ရာရမှုမရှိခဲ့ကြောင်း စစ်ရှောင်တစ်ဦးဖြစ်သည့် ဒေါ်လမိုင်ဘောက်မိုင်က ပြောသည်။

"ဝါးတိုင်တွေလည်း အကုန်ဆွေးနေပြီ။ မိုးကာတွေလည်း အကုန် လန်သွားတော့ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေအတွက် အခက်အခဲအရမ်းဖြစ်နေတယ်။ အခုဆို နေစရာလည်းမရှိလို့ သူများအိမ်မှာ သွားနေနေရတယ်။ အခုက ပြင်နေတယ်။ မိုးကာအဟောင်းတွေနဲ့ပဲ လုပ်နေတာ။ ဒါပေမယ့် မုန်တိုင်းနောက်တစ်ခါပြန်လာရင် ခံမှာမဟုတ်ဘူး"ဟု ထိုစစ်ရှောင်စခန်းတွင်နေထိုင်သည့် ဒေါ်မဂေါင်ကိန်ရာက ပြောသည်။



တနိုင်းနှစ်ခြင်းဘုရားကျောင်းရှိ စစ်ရှောင်စခန်းများ ပျက်စီးနေပုံ

ဓါတ်ပုံ - ဖေါ်ဖ်ေလွမ်း

မတ်လ ၃ ရက်တွင် တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် စစ်ရှောင်စခန်းရှိ မိုးကာတဲဖြင့် ဆောက်လုပ်ထားသော အိမ် ငါးလုံးခန့် ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ တနိုင်းနှစ်ခြင်း ကေဘီစီစစ်ရှောင်စခန်းတွင် စစ်ရှောင်လူဦးရေ လေးရာကျော်နေထိုင်ကြောင်း သိရသည်။

ဆန်လတ်

---

# တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် စစ်ရှောင်ဒုက္ခသည်များ ပြည်နယ်အစိုးရ အကူအညီလိုအပ်

မတ် ၂

စစ်ရှောင်စခန်းများတွင်ရှိသော တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသူကျောင်းသားများအတွက်ပညာရေးနှင့်ပတ်သက်သည့် အကူအညီများနှင့် ထောက်ပံ့မှုများကို အစိုးရကပြုလုပ်ပေးခြင်း မရှိသေးဟု စစ်ရှောင်စခန်းတာဝန်ခံများ၏ ပြောကြားချက်အရ သိရသည်။

"သင်ထောက်ကူပစ္စည်းတွေ အလုံအလောက် မရှိဘူး။ ကျောင်းကလည်း ဝေးတယ်။ ဒီစခန်းကနေ တချို့ကျောင်းသူကျောင်းသားတွေက မြို့ကို ကျောင်းသွားတတ်တဲ့သူတွေရှိတယ်။ သူတို့အတွက် ကျောင်းကြိုပို့ယာဉ်တွေ လိုအပ်တယ်"ဟု မိုင်းနားကေဘီစီစစ်ရှောင်စခန်းမှ စခန်းတာဝန်ခံ ဦးဇော်လုံကပြောသည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲကို မတ်လ ၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်သော်လည်း စစ်ရှောင်စခန်းများရှိ ဒုက္ခသည် ကျောင်းသူကျောင်းသားများအတွက် လိုအပ်သည့် ကုန်ကျစရိတ်များကို အစိုးရက ထောက်ပံ့မှုတစ်စုံတရာမရှိသေးကြောင်း စခန်းတာဝန်ခံများ၏ ပြောကြားချက်အရ သိရသည်။

စစ်ရှောင်စခန်းတွင် နေထိုင်သည့် ဒုက္ခသည်များအတွက် World Food Programme က တစ်လလျှင် ငွေကျပ် ၀ သောင်း ၂ ထောင် ထောက်ပံ့ပေးနေသော်လည်း အထက်တန်း ကျောင်းသား/သူများရှိသည့်အိမ်ထောင်စုများမှ မိဘများအနေဖြင့် ကျောင်းသားများအား ပညာရေးတွင်ပံ့ပိုးပေးနိုင်မှု အားနည်းနေကြောင်း မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ မလိယာန်ကေဘီစီစစ်ရှောင်စခန်းမှ ကျောင်းသားမိဘတစ်ဦးဖြစ်သော ဦးဆိုင်းခေါင်က ပြောသည်။

"စစ်ရှောင်စခန်းတွေမှာရှိတဲ့ ဆယ်တန်းတက်နေတဲ့သူတွေအတွက် အစိုးရကနေ တတ်နိုင်တဲ့ အခန်းကဏ္ဍက နေကူညီပေးဖို့ တောင်းဆိုချင်တယ်"ဟု ဦးဆိုင်းခေါင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထိုကဲ့သို့ပင် မိုင်းနားစိန့်ဂျိုးဇက် ယာယီခိုလှုံစစ်ရှောင်စခန်းတွင်လည်း ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွင်း အစိုးရက စစ်ရှောင်ကျောင်းသူကျောင်းသားများ၏ ပညာရေးအတွက် ကူညီထောက်ပံ့မှုများ မရှိခဲ့ကြောင်း စခန်းတာဝန်ခံ ဦးဂွမ်ဆိုင်းက ပြောသည်။

"ကျောင်းမှာက အစီအစဉ်တစ်ခုမှာ ငွေတစ်ထောင်ဆို တစ်နှစ်လောက် ကောက်ပြီဆို တစ်သောင်းလောက် ရှိသွားပြီ။ ကျောင်းသားများတဲ့ အိမ်တွေဆို စစ်ရှောင်မိဘတွေက မတတ်နိုင်တော့ဘူး။ အစိုးရကလည်း စစ်ရှောင်စခန်းက ကျောင်းသားတွေအတွက်ဆိုပြီး သီးသန့်ထောက်ပံ့တာ မရှိဘူး"ဟု ဦးဂွမ်ဆိုင်းက ဆက်လက် ပြောသည်။

စစ်ရှောင်စခန်းများတွင် ကျောင်းသားများအတွက် စာသင်ခန်း အဆောက်အဦများ၊ ကျောင်းသားများ နေထိုင်ရန် အဆောင်များနှင့် အထက်တန်းကျောင်းသူ/သားများကို စာသင်ပြပေးမည့် ဘာသာရပ်အလိုက် တတ်ကျွမ်းသောဆရာ/ဆရာမများ လိုအပ်နေသည်ဟု သိရသည်။

"အစိုးရအနေနဲ့ ပညာရေးအသုံးစရိတ်ကို တိုးမြှင့်ပေးစေချင်တယ်။ ကျောင်းမှာ ပွဲတစ်ခုခု ပရိဘောဂတွေဝယ်မယ်ဆိုရင် ကျောင်းသားတွေကို ကောက်လာတယ်။ အစိုးရက မကောက်နဲ့တော့ပြောထားပေမယ့် ကျောင်းမှာလိုလာပြီဆို ကောက်ရတယ်။ ဒီတော့ မိဘတွေ အခက်အခဲဖြစ်တယ်"ဟု ဦးဂွမ်ဆိုင်းက ပြောပြသည်။

ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာရှိ ကေဘီစီစစ်ရှောင်စခန်းတွင် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား/သူ ပေါင်း ၉၀ ဦးခန့် ရှိပြီး ကက်သလစ်စစ်ရှောင်စခန်းတွင် ၆၆ ဦးရှိကြောင်း၊ ၎င်းတို့သည် မြစ်ကြီးနားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ပညာသင်ယူနေကြကြောင်း သိရသည်။

"အစိုးရက ဒုက္ခသည်ကျောင်းသားတွေအတွက် ကျောင်းပညာသင်စရိတ်ကို နည်းနည်း လျှော့ပေးနိုင်းစေချင်တယ်။ သီးသန့်ကျူရှင်ဝိုင်းတွေ၊ ဆယ်တန်းဖြေဆိုမယ့် ကျောင်းသားတွေအတွက် အခမဲ့ပညာသင်ပေးတာတွေ လုပ်ပေးစေချင်တယ်"ဟု စစ်ရှောင်စခန်းမှ ကျောင်းသူ ဂျာတောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဆန်လတ်



# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း




| ငြိမ်းချမ်းရေး၊ နိုင်ငံရေး လှုပ်ရှားမှုများနှင့် စာပေလက်ရာများ |
|---|
| စာရေးသူ = ဒဂုန်တာရာ |
| ထုတ်ဝေသူ = ခေတ်ပြတိုက်စာပေ |
| တန်ဖိုး = ၂၅၀၀ ကျပ် |

ဆရာဒဂုန်တာရာ၏ ငြိမ်းချမ်းရေးလှုပ်ရှားမှုနှင့် နိုင်ငံရေး မိုးဝေစာပေမဂ္ဂဇင်းပါ အခန်းဆက်ဆောင်းပါးရှည်ကြီးကို မဏ္ဍိုင်ပြုကာ အခြားငြိမ်းချမ်းရေးလှုပ်ရှားမှုဆောင်းပါးများဖြင့် ဝန်းရံလျှက် ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ မြန်မာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုခေါင်းဆောင်ဆရာကြီး သခင်ကိုယ်တော်မှိုင်းအကြောင်း ဆောင်းပါးနှစ်ပုဒ်ဖြင့်လည်း အားဖြည့်ဖော်ပြထားပါသည်။

"ကျွန်တော်က ငြိမ်းချမ်းရေးစကားပြောရာတွင် ရန်သူမရှိမိတ်ဆွေသာရှိဟု ဆိုလိုက်ရာ ယင်းစကားကို မဆိုခင်ကတည်းက လူအချို့ကနှစ်သက်လက်ခံလိမ့်မည်မဟုတ်ဟုကျွန်တော် နားလည်ထားသည်။ ရန်သူမရှိဟူသော စကားရပ်ကို ကျွန်တော်က စကားကုန်ဖော်ပြလိုက်ခြင်းသာ ဖြစ်သည်။ နိုင်ငံရေးအတွေ့အကြုံ ရှိသူများ သမိုင်းကိုဖြတ်သန်းလာသူများ၊ အတွေ့အကြုံရှိသော နိုင်ငံရေး ဆောင်ရွက်သူတို့က ယင်းစကားလုံးကို သဘောကျမည်ဟု ယူဆထားသည်။ သမိုင်းကို ဖြတ်သန်းလာခဲ့ကြသောလူငယ်များက ကြီးလာလျှင် သူတို့နားလည်သွားကြလိမ့်မည်ဟု ကျွန်တော်က မျှော်မှန်းထားသည့်အတိုင်း ဟုတ်နေသည်ကို ယခုတွေ့နိုင်သည်။ ဤစကားရပ်သည် ကျွန်တော့်ဘက်မှ တင်ပြလိုက်ခြင်းသာဖြစ်သည်။ တခြားဘက်ကတော့ ကျွန်တော့်ကိစ္စမဟုတ်။ သူတို့သည် ရန်သူရှိသည်ဟု နားလည်ကြပေလိမ့်မည်။ ကျွန်တော့်ဘက်ကတော့ ရန်သူမရှိ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ ချစ်သူသာရှိဟု ဖော်ပြခဲ့သည်။

တကယ်ကတော့ ကျွန်တော်သည် နိုင်ငံရေးသမားမဟုတ်၊ ဖြစ်ချင်သူလည်းမဟုတ်၊ သို့သော် နိုင်ငံရေးကို စိတ်ဝင်စားသည်။ စစ်မဖြစ်မီ တက္ကသိုလ်သမဂ္ဂတွင် အမှုဆောင်အဖြစ် နှစ်နှစ်ဆောင်ရွက်ခဲ့ဖူးသည်။ ဉက္ကဋ္ဌကတော့ ကိုလှရွှေနှင့်ကိုလှမောင်၊ ၁၉၀၀ ပြည့်အရေးတော်ပုံပြီးနောက် ကျွန်တော်တို့ လူသိုက်သည် အင်းလျားကန်ဘေးရှိ သစ်ပင်အောက်တွင် ဝိုင်းဖွဲ့ပြီးပြောကြရာတွင် ကျွန်တော်တို့သည် အားမလိုအားမရဖြစ်နေခဲ့ကြသည်ကို သတိပြုမိသည်။ ငြိမ်းချမ်းရေးဟာ ရန်သူကိုမိတ်ဆွေဖြစ်အောင် လုပ်တာဟူသော စကားရပ်ရှိသည်။ ရန်သူမရှိဟူသော စကားရပ်နှင့်တစ်ဆက်တည်း ငြိမ်းချမ်းရေးကိုငြိမ်းချမ်းသောနည်းနှင့် ဆောင်ရွက်ရမည်ဟူသော အဓိပ္ပာယ်။

(စာ - ၁၀၀မှ)

---




| ရာဇဝိတာနှင့် သမိုင်းဝင် မိန်းမသားများ |
|---|
| စာရေးသူ = ချစ်ဦးညို |
| ထုတ်ဝေသူ = လက်ဘဒီပ စာအုပ်တိုက် |
| တန်ဖိုး = ၅၅၀၀ ကျပ် |

သမိုင်းဝင်မိန်းမသားရှစ်ဦးအကြောင်းကို ဆရာချစ်ဦးညိုက ရသဟန်နှင့်ရေးသားထားသောစာများဖြစ်ပါသည်။ မိန်းမသားရှစ်ဦးမှာ ဝိသာခါ၊ ကုဏ္ဍလကေသာ၊ ရာဇဝိတာ၊ သာဂလဒေဝီ၊ စောဉမ္မာ၊ တောင်မိဖုရား၊ သီတာဒေဝီ၊ အမည်မသိ မိန်းမတစ်ယောက်တို့ဖြစ်ပါသည်။ ဆရာရေးသော သမိုင်းဝင်အမျိုးသမီးများခေတ်ကာလမတူ၊နေရာဒေသမတူသော အခြေအနေအမျိုးမျိုးကြားမှ မိန်းမသားများအကြောင်းဖြစ်ပါသည်။

သတို့သမီးဝိသာခါ သာဝတ္ထိသို့လိုက်ပါခန်းမှာ ရှင်ဘုရင့်ပုဆိုးပိုးချည်ဆိုသလို ကြီးကျယ်ခမ်းလှပါသည်။ ဝိသာခါအတွက် နံ့သာမှုန့်ဖိုးအနေဖြင့်လှည်းအစီးပေါင်း ၁၅၄ စီးတိုက်ဉစ္စာပစ္စည်းတွေ ထည့်ပေးလိုက်သည်။ ဝိသာခါ အလှပြင်စရိတ်ဟု နားလည်ရပါသည်။ ထို့နောက် အလုပ်အကျွေးကျွန်မ ငါးရာ၊အာဇာနည်မြင်းကသော ရထားအစီး ငါးရာ၊ အသုံးအဆောင် ပစ္စည်းပစ္စယတစ်မျိုးတစ်မျိုးလျှင် တစ်ရာစီ။ ဖခင်မနဓ္ဓယ သူဌေးကြီးသည် အလွန်အကွက်စေ့သူဖြစ်သည်။ သာကေတမှ သာဝတ္ထိသို့ သွားရာလမ်းခရီး၏ ရှစ်ဥသဘတိုင် နို့စားနွားမများမှာ သမီးဝိသာခါနွားနို့သောက်သုံးရန်ဖြစ်ပြီး နွားလားကြီးတွေကတော့ ဝိသာခါစီးသောလှည်းယာဉ်ရထားတွင် အလှည့်ကျတပ်ဆင်သွားရန်ဖြစ်သည်။

သာဝတ္ထိပြည် မြို့တံခါးဝသို့ရောက်ခဲ့ပြီး မြို့တွင်းသို့ ဝင်ခါနီးတွင်ဝိသာခါသည် မိမိ၏ တင့်တယ်ခန်းနား သိုက်မြိုက်ခြင်းကို သာဝတ္ထိတစ်မြို့လုံး အထင်အရှားမြင်ကြစေဖို့ ခပ်ကြွားကြွား ပြလိုက်ပြန်သည်။ "ဖုံးကွယ်ယာဉ်ဖြင့် မြို့တွင်းဝင်လျှင် ငါနှင့်တကွ ငါ၏မဟာလတာတန်ဆာ၏ ထူးကဲသောဂုဏ်ရည်ကို မြင်ကြမည်မဟုတ်"ဟုတွေးကာ ယာဉ်ရထားပေါင်းမိုးအတွင်း မထိုင်တော့ဘဲ မတ်တပ်ရပ်လျက်လိုက်ပါလာသည်။ ဝိသာခါအတွေးမှန်သည်။ သာဝတ္ထိတစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်။ အဆင်းရုပ်ရည် တင့်တယ်ပါဘိခြင်း၊ စည်းစိမ်သရေ ကြီးကျယ်ပါဘိခြင်း၊ မဟာလတာတန်ဆာဆိုသည်ကလည်း ထူးဆန်းအံ့သြဖွယ် ကောင်းပါဘိခြင်း ဖြစ်ကုန်ကြတော့သည်။

ဝိသာခါ၏ ဘဝစာမျက်နှာများကို တစ်ရွက်ချင်းဖွင့်လှန်ဖတ်ရှုခဲ့ရာ၌ ဤနေရာရောက်သည်အထိ ကျွန်တော်သည် ရင်ထဲခွဲခွဲငြိငြိမဖြစ်ဟု ဝန်ခံအပ်ပါသည်။ အရပ်စကားပြောရလျှင် သူ့ဘာသာသူ ဘယ်လောက် ချမ်းသာချမ်းသာ၊ ဘယ်လောက်ကြီးကျယ်ကြီးကျယ် အထင်မကြီးပါ။ သည်လောက်နှင့်တော့ ဝိသာခါကို အမှတ်မပေးနိုင်သေးပါ။

(စာ - ၁၄ မှ)

---

## ကဗျာကဏ္ဍ

### ခေတ်လူငယ်

ခေတ်လူငယ်ပါ
စာဖတ်ဖို့ အချိန်မရှိပေမယ့်
လိုင်းတက်ပြီး မက်ဆေ့ chat ဖို့ အချိန်ရှိတယ်။

ခေတ်လူငယ်ပါ
အမေ့အတွက် အချိန်မရှိပေမယ့်
ရည်းစားအတွက် အချိန်ပိုတွေ ရှိတယ်။

ခေတ်လူငယ်ပါ
နိုင်ငံအတွက် ကြိုးစားမယ်လို့ မတွေးမိပေမယ့်
ငွေရဖို့အတွက် ကြိုးစားမယ်လို့ တွေးမိကြတယ်။

ခေတ်လူငယ်ပါ
လူမှုရေးလုပ်ငန်းအတွက် အချိန်မရှိပေမယ့်
ဂိမ်းဆော့ဖို့အတွက် အချိန်ရှိတယ်။

ခေတ်လူငယ်ပါ
အသင်းအဖွဲ့စိတ်နည်းပေမယ့်
ဝင့်ကြွားမောက်မာတဲ့စိတ်ကတော့ ကိုယ်မှာစွဲလို့။

ခေတ်လူငယ်ပါ
မိဘကို ဘာလုပ်ပေးရမလဲ မတွေးမိပေမယ့်
မိဘဆီက ဘာတောင်းရမလဲ စဉ်းစားကြည့်တယ်။

ခေတ်လူငယ်ပါ
ဘာသာရေးနဲ့ အမျိုးသားရေးကို ပစ်ပယ်ပေမယ့်
သမီးရည်းစားကိုကျ ဦးထိပ်ထားတတ်ကြပါတယ်။

ခေတ်လူငယ်ပါ
နိုင်ငံရေးကို မသိပေမယ့်
ဖေ့စ်ဘုတ်ခ်ဆယ်လီတွေကိုတော့ သိကြတယ်။

ခေတ်လူငယ်ပါ
ပညာလေ့လာဖို့ အချိန်မရှိပေမယ့်
ဖုန်းပြောဖို့ အချိန်ရှိပါတယ်။

ခေတ်လူငယ်ပါ
ဂျာနယ်မဖတ်ပေမယ့်
ဖေ့စ်ဘုတ်ခ်မှာတော့ new feeds ဖတ်ပါတယ်။

ခေတ်လူငယ်ပါ
သတင်းမဖတ်ပေမယ့်
အနုပညာရှင်အတင်းပလာကိုတော့ ရှာဖတ်ပါတယ်။

ခေတ်လူငယ်ပါ
ကူညီဖို့မတတ်ပေမယ့်
ဝေဖန်ဖို့ တတ်ပါတယ်။

ခေတ်လူငယ်ပါ
ငွေမရှာတတ်ပေမယ့် ငွေသုံးတတ်တယ်။

ခေတ်လူငယ်ပါ
နိုင်ငံကို ဦးဆောင်ချင်ပေမယ့်
ကိုယ့်နိုင်ငံရဲ့နာမည်ကို အင်္ဂလိပ်လိုမသိဘူး။

ခေတ်လူငယ်ပါ
တက္ကသိုလ်ပညာရေးကို ကန့်ကွက်နေပေမယ့်
တက္ကသိုလ်တက်ရဖို့တောင် ကျူရှင်တက်ခဲ့ရတဲ့သူတွေ။

ခေတ်လူငယ်ပါ
တိုင်းပြည်ချစ်ဖို့မတွေးမိဘဲ
အမျိုးချစ်ဖို့ တွေးမိကြတယ်။

ခေတ်လူငယ်ပါ. . . . . .
. . . . . . . . . . . . . . . .။
ခေတ်လူငယ်တွေပါ. . . . .
. . . . . . . . . . . . . . . .။ ။

ရဲရင့်(ပခုက္ကူ)

# ကမ္ဘောဇဘဏ်လုယက်မှု ဖော်ထုတ်နိုင်ခြင်း မရှိသေး

မတ် ၅

မြစ်ကြီးနားမြို့ စည်ပင်သာယာ မြို့မဈေး ၁ ရှိ KBZ မီနီဘဏ်အား ဓားပြတိုက်လုယက်ခဲ့ကြသူများကို တစ်လကျော်ကြာမြင့်လာသည့်အထိ ဖမ်းဆီးရမိခြင်း မရှိသေးကြောင်း မြို့မရဲစခန်း မှုခင်းဌာနစိတ်မှ တပ်ကြပ်သက်နိုင်က ပြောသည်။

ဇန်နဝါရီလ ၂၃ ရက်က ဘဏ်ပိတ်ချိန်ဖြစ်သည့် ညနေ ၃ နာရီကျော်ခန့်တွင် ဘဏ်အတွင်းသို့ လူ ၄ ဦး ရုတ်ရက်ဝင်ရောက်လာပြီး လက်နက်များဖြင့်ခြိမ်းခြောက်ကာ ဘဏ်ရှိ ငွေကျပ် သိန်း ၉၂၀ ကျော်ကို လုယူထွက်ပြေးသွားခဲ့ခြင်းနှင့် ပတ်သက်၍ မြို့မရဲစခန်းမှ တပ်ကြပ်သက်နိုင်က အထက်ပါအတိုင်းပြောခြင်း ဖြစ်သည်။

"လက်ရှိအချိန်ထိ စုံစမ်းစစ်ဆေးနေဆဲပါပဲ။ ဘာမှထူးခြားတာ မရှိသေးပါဘူး။ စုံစမ်းတဲ့အဆင့်ပဲ ရှိပါသေးတယ်"ဟု တပ်ကြပ်သက်နိုင်က ရှင်းပြသည်။

ကမ္ဘောဇမီနီဘဏ်အား ဓါးပြတိုက်လုယက်ခြင်းကို လူ ၄ ဦးက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထိုသူများသည် အသက် ၂၀ နှင့် ၂၅ နှစ်ကြား လူငယ်များဖြစ်ကြောင်း ဘဏ်ဝန်ထမ်းများ၏ ထွက်ဆိုချက်ကို မြို့မရဲစခန်းမှ တာဝန်ရှိသူက ပြောပြသည်။

ပြစ်မှုကျူးလွန်သူများသည် အခင်းမဖြစ်ပွားမီအချိန်ကတည်းက ယင်းနေရာသို့ လာရောက်ပြီးကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်သည့်အတွက် အခင်းမဖြစ်ပွားမီ အချိန်က ရိုက်ကူးထားသည့် CCTV မှတ်တမ်းများကို စစ်ဆေးခြင်းများ ပြုလုပ်နေကြောင်း မြို့မရဲစခန်းမှရရှိသည့် အချက်အလက်များအရ သိရသည်။

အခင်းဖြစ်ပွားသည့် နေ့တွင် ပြစ်မှုကျူးလွန်သူများသည် ဆိုင်ကယ်စီးဦးထုတ်များ ဆောင်းထားသည့်အပြင် နှာခေါင်းစည်းများ ဝတ်ဆင်ထားသည့်အတွက် ၎င်းတို့၏မျက်နှာပုံစံများကို မရရှိခဲ့ခြင်းကြောင်း လူပုံသဏ္ဌာန်နှင့်သာ စစ်ဆေးမှုများ ပြုလုပ်နေရကြောင်း သိရသည်။

"အခင်းဖြစ်ရက် မတိုင်ခင်ကဟာတွေနဲ့ ကြိုစစ်တဲ့အခါကျတော့ တူတဲ့ဟာလိုက်ရှာဆဲပါပဲ။ မျက်နှာပေါက်က ဖမ်းမရဘူးဆိုတော့ သူတို့ရဲ့ကိုယ်လုံးကိုယ်ထည် ပုံသဏ္ဌာန်လောက်နဲ့ပဲ လိုက်ယူလို့ရမှာ" ဟု တပ်ကြပ်သက်နိုင်က ရှင်းပြသည်။

CCTV မှတ်တမ်းအရပြစ်မှုကျူးလွန်သူများသည် မှန်ကာပါသည့် ဆိုင်ကယ်ဦးထုပ်များကို ကိုယ်စီဆောင်းထားကြပြီး ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသည့်ပိုက်ဆံထုတ်ကိုကိုင်၍ ပြေးသွားသည့်ဓါတ်ပုံနှင့် ၎င်းတို့ဘဏ်သို့လာရောက်စဉ် ရရှိခဲ့သည့် ဓါတ်ပုံနှစ်ပုံကိုပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဘဏ်ဓါးပြတိုက်ခဲ့သူ လေးဦးသည် မှန်ပါသည့် ဆိုင်ကယ်ဦးထုပ်များဆောင်းကာ၊ နှာခေါင်းစည်းများ ဝတ်ဆင်ထားသည့်အပြင် ၎င်းတို့တွင် ပစ္စတိုသေနတ်၊ ဓား၊ သံတုတ်များ ပါရှိလာကြသည်ဟု ဝန်ထမ်းများက ထွက်ဆိုခဲ့ကြကြောင်းရဲတပ်ဖွဲ့မှတာဝန်ရှိသူ တစ်ဦးက ပြောသည်။





မြစ်ကြီးနားမြို့ စည်ပင်သာယာမြို့မဈေး (၁)A အဆောင်ထပ်ရှိ KBZ ဘဏ်ခွဲ (၁)၌ ငွေကျပ်သိန်း ၉၂၀ ခန့်နှင့် CCTV စက် လုယူခံရမှု

အခင်းဖြစ်ပွားချိန်တွင် ဘဏ်အတွင်း၌ ဝန်ထမ်းအမျိုးသား ၄ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ရှိနေပြီး ကမ္ဘောဇဘဏ်ကြီးသို့ ငွေများလွှဲပြောင်းမည့်အချိန်တွင် ထိုသို့ဓါးပြတိုက်လုယက်ခံခဲ့ရခြင်း ဖြစ်သည်။

ပြစ်မှုကျူးလွန်သူများသည် ဘဏ်ဝန်ထမ်းများအား ၎င်းတို့တွင်ပါလာသည့် တုတ်ဖြင့် ရိုက်နှက်ကာ မော့ကြည့်လျှင် သေနတ်ဖြင့်ပစ်သတ်မည်ဟု ခြိမ်းခြောက်သည့်အပြင် ဘဏ်အတွင်းတပ်ဆင်ထားသော စီစီတီဗီကင်မရာများကိုလည်း ဖြုတ်ယူသွားခဲ့ကြောင်း၊ ငွေများရရှိပြီးချိန်တွင် ဘဏ်အရှေ့မှန်တံခါးလက်ကိုင်ကွင်းအား ကြိုးဖြင့်ချည်ကာ တံခါးအပြင်မှ သော့ပေါက်တွင်ဘောပင်ဖြင့် ထိုးပိတ်ကာ ထွက်ပြေးသွားခဲ့သည်ဟု သိရသည်။

အဆိုပါ ပြစ်မှုကျူးလွန်သည့် လူငယ် ၄ ဦးအား မြို့မဈေး ၁ ရှိ ကမ္ဘောဇမီနီဘဏ်မှ တာဝန်ခံက မြစ်ကြီးနားမြို့မရဲစခန်းတွင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၉၄/၁၁၄ ဖြင့် အမှုဖွင့်ထားကြောင်းမြို့မရဲစခန်းမှ ရရှိသည့် အချက်အလက်များအရ သိရသည်။

Salai

# အချုပ်ကျနေသူအား စစ်ဆေးရာမှ ဆိုင်ကယ် ၇ စီး ခိုးထားသည်ကို ဖော်ထုတ်နိုင်

မတ် ၆

မိုးညှင်းတွင် အချုပ်ကျခံနေသူအား စစ်ဆေးရာမှ ၎င်းခိုးယူထားခဲ့သော ဆိုင်ကယ် ၇ စီးကို ပြန်လည်ဖော်ထုတ်နိုင်ခဲ့ကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

အဆိုပါဖမ်းဆီးခံထားရသူမှာ မိုးညှင်းမြို့၊ စိမ်းရတနာမွန်(မြောက်)ရပ်ကွက်တွင် နေထိုင်သည့် အသက် ၂၉ နှစ်အရွယ် ကိုတင်ဇော်လတ်ဆိုသူဖြစ်ပြီး၎င်းအား ဖေဖော်ဝါရီလ ၂၆ ရက်တွင် မသင်္ကာသောကြောင့် ဖမ်းဆီးပြီး မတ်လ ၅ ရက်အထိစစ်ဆေးရာမှ အထက်ပါအတိုင်း ဆိုင်ကယ်များ ခိုးယူထားသည်ကို ဖော်ထုတ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

"မိုးညှင်းမှာဆိုင်ကယ်တော တောပျောက်နေလို့ စောင့်ဖမ်းဆီးနေသလို ရှောင်တခင်ကင်းလှည့်ပြီးလည်း ဖမ်းဆီးနေပါတယ်။ ခိုးယူခဲ့တဲ့ဆိုင်ကယ်များ ထပ်မံပေါ်ပေါက်ဖို့အတွက် အခုဖမ်းဆီးထားသူကိုလည်း ဆက်လက် စစ်ဆေးနေပါတယ်"ဟု မိုးညှင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သန်းဝေက ပြောသည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့မရဲစခန်းမှနယ်ထိန်းအဖွဲ့က ရာဇဝတ်မှုများနှင့်အတူ မြို့ပေါ်ရပ်ကွက်များအတွင်း ဖေဖော်ဝါရီလ ၂၆ ရက် နံနက် ၆ နာရီခန့်တွင် ကင်းလှည့်နေစဉ် မြို့မဈေးကြီး လမ်းဆုံမှ ပြည်ထောင်စုလမ်းမကြီးအတိုင်း SUPER ANBO - 125 အမျိုးအစား အနက်ရောင် ဆိုင်ကယ် ၁ စီးကို မောင်းနှင်လာသည့် ကိုတင်ဇော်လတ်ဆိုသူအား မသင်္ကာသဖြင့် စစ်ဆေးမေးမြန်းစဉ် ၎င်းမောင်းနှင်လာသော ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်သော အထောက်အထားတစ်စုံတရာ မပြနိုင်သောကြောင့် မိုးညှင်းမြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ - ၃၈၀/ကျင့် ၅၄ ဖြင့် ဖမ်းဆီးခဲ့ပြီး စစ်ဆေးခဲ့ကြောင်း သိရသည်။

'ပစ္စည်းခိုးယူသူတွေကို စစ်ဆေးတဲ့အခါ ခိုးယူခဲ့တဲ့ဆိုင်ကယ်တွေပေါ်တတ်လို့ဖမ်းဆီးမိခဲ့သူ တင်ဇော်လတ်ကိုလည်း ဆက်လက်စစ်ဆေးနေပါတယ်"ဟု မိုးညှင်းမြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူးထွန်းမြင့်အောင်က ပြောသည်။

မိုးညှင်းမြို့တွင် ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ် မတ်လအထိ ဆိုင်ကယ်ခိုးမှုအပါအဝင် အခြားခိုးမှုပေါင်း ၅၀ မှုရှိကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)







ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

## Administration Assistant

**Reference Number: ADMIN_MYI_2018001**
**To be based in Myitkyina.**

**Duties and Responsibilities**

- You will be responsible to comply with F&A manual, FS Manual, Rules on Financial Management and sub-delegation internal policies.
- You will maintain daily cash control and monitor the petty cash limit being defined by internal financial rules.
- As part of your responsibilities, you will perform first level bookings in the accountancy system.
- You will update dispositive/ statistical accounts, FSHQ tables, local tables and monthly exchange rates in SUN system.
- You will make proper follow up for cash/bank transfers to Sub-Delegation and you will keep an up to date and organize file of outstanding working advances, cash statements, salary advances etc.
- You will be responsible for the preparation of monthly closing files consisting of monthly telex, accounting files, premises list, list of signatures and authorization of expenditures.
- You will assist the Finance and Administration Manager for the preparation of year-end annual reports.

**Required profile**

- It is required to have a bachelor degree or certified in accounting.
- You should have at least 2 years' work experience in a relevant field.
- You should have good communication skills and should be fluent in written and spoken English.
- Excellent computer skills, including spreadsheets, accounting software and analytical skills.
- Previous ICRC experience is also a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **11 March 2018**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:
yan_hr_recruitment_services@icrc.org.
ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon
Or
akhaing@icrc.org
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

## KBZ Air Line (Daily)

| Yangon | Mandalay | Myitkyina | Mandalay | Yangon |
|---|---|---|---|---|
| 13:00 | 14:00 | 16:00 | 17:30 | 18:55 |

## Myanmar National Airlines (Daily)

| Myitkyina - Yangon | |
|---|---|
| ထွက်ချိန် | 4:25 |
| ရောက်ချိန် | ------ |

| Myitkyina - Potao | |
|---|---|
| ထွက်ချိန် | 10:00 |
| ရောက်ချိန် | ------ |

| Myitkyina - Banmaw | |
|---|---|
| ထွက်ချိန် | 12:45 |
| ရောက်ချိန် | ------ |

# ဝန်ထမ်းအလိုရှိသည်

### Allianz
Admin - မ (၁)ဦး
Marketing - ကျား၊မ (၁)ဦး
Techmical support - ကျား(၁)ဦး
Office helper - ကျား(၁)ဦး
၀၉ - ၄၄၀၀၀၂၂၇၆

ကျား(၁)ဦး
ဆက်သွယ်ရန်ဖုန်း -
၀၉ ၄၂၀၅၃၃၇၃၃၂၊
၀၉ ၇၆၇၀၇၅၆၀၆
အသက် ၁၈ နှစ်အထက် ဖြစ်ရမည်။

Dear Wedding Photo Studio
ဝန်ထမ်းအလိုရှိသည်

### Amazing View
အမျိုးသမီးဝန်ထမ်း
အလိုရှိသည်။

### ယူနိုက်တက်ဟိုတယ်
ဝိတ်တာ
ကျား(၁) ဦး၊ မ(၁)ဦး
Breakfast အကူ မ (၁)ဦး

### မြစ်ဆုံဟိုတယ်
တရုတ်စကားပြောကျွမ်းကျင်သူ အမျိုးသားယာဉ်မောင်း (၃)ဦး အလိုရှိသည်။
၀၉-၇၇၆၀၂၃၄၅၆ယ
၀၉၇၆၉၀၂၃၄၅၆

### ဟာဝိုင်ယီ အအေးဆိုင်
စားပွဲထိုး (၂) ဦး
ပန်းကန်ဆေး (၁) ဦး

### ဥမ္မာဖိနပ်ဆိုင်
အရောင်းစာရေးမ (၁)ဦး

### Grace Beauty Spa
ဝန်ထမ်း မ (၁)
ဦးအလိုရှိသည်။
၀၉-၇၇၄၇၇၃၆၅၀၀

### Wun Tawp Motel
ကျား(၁)ဦး၊ မ(၁)ဦး
မှတ်ချက် - လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

### Hotel Madira
Receptionist (1) post
(Fluent in chinese language)
Bartender (1)post
Waiter(F&B) (1)post

### မြေမြင့်အပေါင်ဆိုင်
စာရေးမ (၁)ဦး

❑ အလုပ်အကိုင်ရှာဖွေနေသူများ၊ မြစ်ကြီးနားသတင်းဂျာနယ်သို့ လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ဆေးရုံဖုန်းနံပါတ်များ

**(၁) အထွေထွေပြည်သူ့ဆေးရုံကြီး**
Ph - 074-22303 (ဆေးရုံအုပ်ကြီး)

**(၂) အေးသုခ**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 23752,/ 23757/ 23758/ 23759/ 20632,
09 793805866, 0979195573

**(၃) မလိခ္ဘ**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 28298, 074 21802, 074 21113

**(၄) သင်းသုခ**
(အထွေထွေရောဂါကုဆေးရုံ)
အ. ထ. က(၂)ရှေ့၊ ပေါက်ကုန်းရပ်၊ ပန်းမော်မြို့
Ph - 074 50579, 09 47018065

**(၅) မြတ်မွန်အဆင့်မြင့်ဆေးရုံ**
(ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း)
Ph - 074 23257/ 20533/ 21593, 09 24010034, 09 2401035

# Airport Taxi
### ဖုန်းနံပတ်များ

(၁) ကိုစိုးသိန်း
၀၉ ၄၀၀၀၂၄၃၇၉

(၂) ကိုစိုး
၀၉ ၄၀၀၀၈၃၈၀

(၃) ကိုစိုင်းကို
၀၉ ၄၅၀၅၄၆၂၆၈၆
၀၉ ၇၉၀၄၃၃၇၀၅

(၄) ကိုပြုံးချို
၀၉ ၇၈၄၇၈၇၇၉

(၅) ကိုလွင်ဦး
၀၉ ၅၄၀၄၀၂၉

(၆) ကိုအောင်ဆွေ
၀၉ ၄၄၄၀၃၀၄၉၃

(၇) ကိုလှထွန်း
၀၉ ၂၅၆၄၅၅၂၂၆

# နော်ဒူးဒူကို စစ်ကိုင်းပညာရေး တက္ကသိုလ်က တက္ကသိုလ်ဂုဏ်ဆောင်အလှမယ်ဆုချီးမြှင့်

မတ် ၂

ကချင်တိုင်းရင်းသူ Miss Tourism and Culture Universe Myanmar 2018 အလှမယ်နော်ဒူးဒူကို စစ်ကိုင်းပညာရေးတက္ကသိုလ်က တက္ကသိုလ်ဂုဏ်ဆောင်အလှမယ်ဆု ချီးမြှင့်ခဲ့သည်။

အဆိုပါဆုကို ဖေဖော်ဝါရီလ ၂၈ ရက်က စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ကျင်းပခဲ့သည့် အာစရိယပူဇော်ပွဲအခမ်းအနား၌ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ထိုသို့ ဆုပေးရသည့်အကြောင်းအရင်းမှာ ဇန်နဝါရီလက ရန်ကုန်မြို့ရှိ သုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်းတွင် မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် Mister & Miss Tourism and Culture Universe 2018 ပြိုင်ပွဲ၌မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်နော်ဒူးဒူက 1st Runner Up ဆုကိုဆွတ်ခူးကာ စစ်ကိုင်းပညာရေးတက္ကသိုလ်၏ ဂုဏ်ကိုဆောင်နိုင်ခဲ့သည့်အတွက်ဖြစ်ကြောင်း သိရသည်။

"ကိုယ်ကြိုးစားခဲ့တာတွေက ကိုယ့်နိုင်ငံ၊ကိုယ့်တက္ကသိုလ်၊ ကိုယ့်ပတ်ဝန်းကျင်အတွက် တစ်ထောင့်တစ်နေရာကနေ ဂုဏ်ဆောင်ပေးနိုင်ခဲ့တဲ့အတွက် ကြည်နူးပီတိဖြစ်ရပါတယ်။ အခုလို အသိအမှတ်ပြုပေးလို့ ရင်ထဲကလှိုက်လှိုက်လှဲလှဲ ကျေးဇူးအများကြီးတင်ပါတယ်။ ဒီထက်ပိုပြီးလည်း ကျောင်းဂုဏ်ဆောင်နိုင်တဲ့ အလှမယ်ဖြစ်အောင် ကြိုးစားသွားပါ့မယ်"ဟု အလှမယ်နော်ဒူးဒူက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထို Miss Tourism and Culture Universe Myanmar 2018 အလှမယ် ပြိုင်ပွဲတွင် အလှမယ်နော်ဒူးဒူက Miss Tourism and Culture Univers 2018 1st Runner Up ဆုအပြင် Special Award များဖြစ်သော Medical Sponer Award, Best National Costume နှင့် Best in Swimsuit Top(3) တို့ကိုပါ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အလှမယ် နော်ဒူးဒူသည် တတိယအကြိမ်မြောက် Miss Universe Myitkyina တွင်လည်း 1st Runner up ဆုရရှိထားသူဖြစ်ပြီး သူမသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူနေသော မြစ်ကြီးနားမြို့၊ ဂျန်မိုင်ကောင်းရပ်ကွက်မှ လီဆူတိုင်းရင်းသူတစ်ဦး ဖြစ်သည်။

ဆိုင်းထွယ်ဇင်







## Review Express ကားနဲ့ ခရီးသွားကြမယ်

Myitkyina News Journal

အခုနေ ခရီးသွားဖြစ်ခဲ့မယ်ဆိုရင် ကချင်ပြည်နယ်တစ်ကြောက တောတောင်ရှုခင်းတွေ မြို့ရွာတွေရဲ့ သဘာဝတရားကို အပြည့်အဝခံစားနိုင်မယ့် Express ကားနဲ့ပဲသွားမယ်။

ဘာလို့ ကားနဲ့ခရီးသွားချင်သလဲမေးရင် ဟုတ်ကဲ့ . . ဖြေပါ့မယ်။

ရထားနဲ့သွားလို့ ဈေးပိုသက်သာပေမယ့် ခရီးကြန့်ကြာတာရယ် စားသောက်စရိတ် ပိုကုန်ကျတာရယ်ပေါင်းရင် ကားခနဲ့ဘယ်လောက်မှ ကွာခြားမယ်မထင်ပါဘူး။ ပြီးတော့ ကားစီးရတာ ပိုပြီးတော့ သက်တောင့်သက်သာလည်းရှိတယ်၊ မြန်မြန်လည်းရောက်တယ်လေ။ အဲ့ဒါအပြင် ညနေစာ မုန့်တွေအချိုရည်တွေလည်း ဝန်ဆောင်မှုပေးနေတယ်။ ရေသန့်ဘူးတွေလည်း သယ်သွားစရာမလိုဘူး။ ဆေးသေတ္တာလည်း ခရီးသည်တွေအတွက် အပြည့်ပါလေရဲ့။ လေယာဉ်နဲ့သွားဖို့ကတော့ ခရီးစရိတ်က နှစ်ဆသုံးဆလောက် ကွာနေတာကိုး . . .။

ပြေးဆွဲတဲ့ကားလိုင်းတွေကလည်း ခရီးသည်တွေအတွက် လုံခြုံစိတ်ချစွာပို့ဆောင်နိုင်ဖို့ ခရီးစဉ်တစ်လျှောက်လုံး အရက်မသောက် မူးယစ်ဆေးဝါးမသုံးဖို့ ကားမောင်းသမားတွေကို စည်းကမ်းတင်းကျပ်ထားတာပါ။ ခရီးစဉ်တစ်လျှောက် ကျန်းမာရေးအရေးပေါ်ဆိုလည်း နီးစပ်ရာမြို့ရွာတွေကို အမြန်ဆုံးရောက်အောင်မောင်းပြီး ကျွမ်းကျင်ဆရာဝန်တွေနဲ့ ကုသပေးတယ်။ Special ကားလိုင်းတွေဆို လေယာဉ်စီးနေရတာထက်တောင် ပိုသက်တောင့်သက်သာရှိပါတယ်။ ရိုးရိုး ၂+၂ နဲ့ ၂+၀ ကားစီးရင် လုံခြုံမှုမရှိမှာစိုးတဲ့ အမျိုးသမီးတွေအတွက် အမျိုးသမီးအချင်းချင်းစီးလို့ရအောင် ဒါမှမဟုတ် ခရီးသည်ကျေနပ်လောက်အောင် ခုံနေရာလဲပေးတာမျိုး ဝန်ဆောင်မှုပေးတဲ့ကားတွေ ရှိပါတယ်။

ခရီးသည်မပါဘဲ ပစ္စည်းပို့ဆောင်မှုမှာလည်း ပစ္စည်းပျောက်တာတွေ ပျက်တာတွေအတွက် ပစ္စည်းတန်ဖိုးရဲ့ ဆယ်ဆပြန်လည်ပေးလျော်ပေးတဲ့အပြင် ကားလက်မှတ်ဝယ်ဖို့အချိန်မပေးနိုင်တဲ့သူတွေအတွက် ဖုန်းနဲ့ကြိုတင်မှာယူတာပဲဖြစ်ဖြစ် လက်မှတ် အိမ်အရောက်ပို့စနစ်နဲ့ပဲဖြစ်ဖြစ် မှာယူနိုင်ပါတယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက် ကောင်းတယ်ဆိုတဲ့အတိုင်း ကိုယ့်ဘက်ကလည်း ဆောင်ရန်ရှောင်ရန်လေးတွေ ဖြည့်ထားလိုက်ရင် ပိုပြည့်စုံသွားတာပေါ့။ ဥပမာ- ကားမူးတတ်တယ်ဆိုရင် ဆေးဆောင်ထားတာတို့၊ အရေးပေါ်ခေါ်ဆိုလို့ရမယ့် ဖုန်းနံပါတ်တွေ ကိုယ့်ဖုန်းထဲ ကြိုတင်ထည့်ထားတာတို့ပေါ့လေ။ အရေးပေါ်ဖုန်းဆိုလို့ ပြောရအုံးမယ် မြစ်ကြီးနားသတင်းဂျာနယ်မှာ ရှာလို့ရတယ်လေ။

ကဲ. . . . ဒီလောက်ဆိုရင် ကားနဲ့ ဘာ့ကြောင့်ခရီးထွက်ရတာလဲဆိုတာ သိလောက်ပြီပေါ့။

ဝဝဓဝ



# လက်ရှိစာချုပ်သက်တမ်း မကုန်မီ အာဆင်နယ်အသင်း မန်နေဂျာအဖြစ်မှ အာဆင်ဝင်းဂါးနုတ်ထွက်လိမ့်မည်မဟုတ်ကြောင်း သိရ



အာဆင်နယ်အသင်း၏ နည်းပြဖြစ်သူ အာဆင်ဝင်းဂါးသည်လက်ရှိစာချုပ်သက်တမ်း မကုန်ဆုံးမီ အသင်းနည်းပြရာထူးမှ နုတ်ထွက်လိမ့်မည်မဟုတ်ကြောင်း The Time သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

အာဆင်ဝင်းဂါးသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက အာဆင်နယ်အသင်းနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့ရာ ၂၀၁၉ နွေရာသီတွင်မှ စာချုပ်သစ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။ လက်ရှိအခြေအနေအရ အာဆင်နယ်အသင်းသည် ရှုံးပွဲများဆက်တိုက်ကြုံတွေ့ကာ ရလဒ်များ ဆိုးရွားနေပြီး ပြီးခဲ့သည့်ပရီးမီးယားလိဂ်ပွဲစဉ်တွင်လည်း တန်းတက်ဘရိုက်တန်အသင်းအား (၂-၁)ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အဆိုပါပွဲအပြီးတွင် အာဆင်နယ်အသင်းပရိသတ်အချို့က အာဆင်ဝင်းဂါး ၂၀၁၉ တွင်မဟုတ်ဘဲ ချက်ချင်းထွက်ပါ”ဟူသော အဓိပ္ပာယ်ပါရှိသည့် စာတန်းများဖြင့် ဆန္ဒပြခဲ့ကြသည်။ အာဆင်ဝင်းဂါးအနေဖြင့် ၂၀၁၉ နွေရာသီမှသာ အသင်းနှင့်အနာဂတ်ကို စဉ်းစားလိမ့်မည်ဟု The Time သတင်းစာက ဖော်ပြခဲ့သည်။




## နာပိုလီအသင်းမှ ဘရာဇီးလ်ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား ခေါ်ယူရန် မန်ယူ၊အာဆင်နယ်နှင့် လီဗာပူးအသင်းတို့ အပြိုင်ကြိုးပမ်းကြမည်

ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်ကြသော မန်ယူ၊ အာဆင်နယ်နှင့် လီဗာပူးအသင်းတို့သည် စီးရီးအေကလပ် နာပိုလီအသင်းမှ ဘရာဇီးလ် ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား ခေါ်ယူနိုင်ရန် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အပြိုင်ကမ်းလှမ်းကြဖွယ်ရှိကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် ဘရာဇီးလ်လက်ရွေးစင် ကွင်းလယ်လူ ဂျော်ဂျင်ဟို၏ခြေစွမ်းအား ဥရောပကလပ်အသင်းတော်တော်များများက မျက်စိကျနေပြီး ပရီးမီးယားလိဂ်အသင်းများမှာ အဓိကပါဝင်နေကြောင်း ကစားသမား၏အေးဂျင့်ဖြစ်သူက ပြောဆိုခဲ့သည်။ ဂျော်ဂျင်ဟိုက ပရီးမီးယားလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံး ၄ သင်းနှင့် ၁၀ မှတ်အကွာတွင် ရောက်ရှိနေသော အာဆင်နယ်အသင်းက အလိုရှိနေသကဲ့သို့ လီဗာပူးအသင်းကလည်းကွင်းလယ်လူ အမ်မရီချန်ပြောင်းရွှေ့သွားပါက အစားထိုးနိုင်ရန် မျက်စိကျနေသည်။ ထို့ပြင် မန်ယူအသင်း၏ နည်းပြ မော်ရင်ဟိုကလည်း ပေါင်သန်း ၅၀ ခန့်ဖြင့် ခေါ်ယူနိုင်ရန် အသင်းတာဝန်ရှိသူများထံ ညှိနှိုင်းတင်ပြထားပြီးဖြစ်ကြောင်း လန်ဒန်အခြေစိုက်သတင်းများက ဖော်ပြခဲ့ကြသည်။

# လီဗာပူးအသင်းသည် နည်းပြယာဂင်ကလော့၏ လက်အောက်တွင် အချိန်နှင့်အမျှ တိုးတက်နေသည်ဟု ကွင်းလယ်လူ ဂျိမ်းစ်မီလ်နာပြောဆို



လီဗာပူးအသင်း၏ ကွင်းလယ်လူ ဂျိမ်းစ်မီလ်နာက မိမိတို့လီဗာပူးအသင်းသည် ဂျာမန်လူမျိုး နည်းပြယာဂင်ကလော့၏လက်အောက်တွင် အချိန်နှင့်အမျှ တိုးတက်လာနေသည်ဟု ချီးကျူးပြောဆိုလိုက်ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်ရပ်တည်မှု ဇယားတွင်တတိယနေရာ၌ ရှိနေပြီး လာမည့်ရာသီ ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်အတွက် ယှဉ်ပြိုင်မှုတွင် ကျန်အသင်းများထက် အနည်းငယ်အခွင့်အရေးသာနေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ၏ ရှုံးထွက်အဆင့်တွင်လည်း ပေါ်တိုအသင်းအား ပထမအကျော့တွင် (၀-၅)ဂိုးဖြင့် အနိုင်ရထားပြီး ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်ရန် သေချာသလောက်ရှိနေပြီဖြစ်သည်။ မီလ်နာက “ကျွန်တော်တို့အသင်းဟာ တိုက်စစ်ရော ခံစစ်မှာပါ အချိန်နဲ့အမျှ တိုးတက်လာနေတယ်လို့ ခံစားမိပါတယ်။ အသင်းရဲ့ကစားပုံကိုကြည့်ရတာ အလွန်စိတ်လှုပ်ရှားစရာပါ။ အရင်ကထက် ပွဲတွေကို ဘယ်လိုထိန်းချုပ်ရမယ်ဆိုတာလည်း ပိုသိလာတယ်လို့ ထင်ပါတယ်”ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

## ခြေချောင်းဒဏ်ရာ ခွဲစိတ်ကုသမှုခံယူခဲ့ရသည့် နေမာ PSG အသင်း၏ လက်ကျန်ပွဲစဉ်အားလုံးကို လွဲချော်ရန်သေချာနေပြီး ကမ္ဘာ့ဖလားအမီ သက်သာလာစေရန် ဆန္ဒပြင်းပြနေကြောင်း သိရ



ပြင်သစ်လီဂူးဝမ်းကလပ် PSGအသင်းမှဘရာဇီးလ်လက်ရွေးစင်တိုက်စစ်မှူး နေမာသည် ခြေချောင်းဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူခဲ့ရသည့်အတွက် PSG အသင်း၏ ယခုရာသီလက်ကျန်ပွဲစဉ်အားလုံးကိုလွဲချော်ရန် သေချာနေပြီး ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအမီ ဒဏ်ရာမှ ပြန်လည်သက်သာလာစေရန် ဆန္ဒပြင်းပြနေကြောင်း သိရသည်။

နေမာသည် အဆိုပါဒဏ်ရာအား ပြီးခဲ့သည့်ဖေဖော်ဝါရီလ ၂၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သော မာဆေးအသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။ နေမာသည် ဒဏ်ရာကို ပြီးခဲ့သည့်စနေနေ့က အောင်မြင်စွာ ခွဲစိတ်ကုသမှု ခံယူခဲ့ပြီးနောက် ဘရာဇီးလ်နိုင်ငံ ရီယိုဂျနေရိုးမြို့အနီး ပင်လယ်ကမ်းခြေရှိ သူ၏ကိုယ်ပိုင်နေအိမ်တွင်ဒဏ်ရာပြန်လည် သက်သာလာသည်အထိ အနားယူနေထိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဒဏ်ရာကြောင့် နေမာသည် ၂ လမှ ၃ လအထိ အနားယူရမည်ဟု ဆရာဝန်များက ခန့်မှန်းထားပြီး နေမာက ကမ္ဘာ့ဖလားအမီ ကြံ့ခိုင်မှုပြန်လည်ပြည့်ဝလာရန် မျှော်လင့်နေကြောင်း သိရသည်။

# စီးရီးအေသို့ပြန်လာရန် အသင့်ဖြစ်နေပြီဟု ဘာလိုတယ်လီကြုံးဝါး အေစီမီလန်၊ နာပိုလီ၊ ဂျူဗင်တပ်စ် စသည့်အသင်းများသို့ ပြောင်းရွှေ့ဖွယ်ရှိ



ပြင်သစ်လီဂူးဝမ်းကလပ် နိုက်စ်အသင်း၏ တိုက်စစ်မှူး ဘာလိုတယ်လီက သူ့အနေဖြင့် စီးရီးအေတွင် ပြန်လည်ကစားရန်အဆင်သင့်ဖြစ်နေပြီဟု ကြုံးဝါးပြောဆိုလိုက်သည်။

ဘာလိုတယ်လီ၏အေးဂျင့်ဖြစ်သူ ရိုင်အိုလာက ဘာလိုတယ်လီအား ကလပ်အသင်းအချို့က စိတ်ဝင်စားနေကြသည်ဟု ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ထုတ်ဖော်ပြောဆိုခဲ့ပြီးနောက်ပိုင်း ဘာလိုတယ်လီက ယခုကဲ့သို့ကြုံးဝါးပြောဆိုလိုက်ခြင်းဖြစ်သည်။ အသက် ၂၇ နှစ်အရွယ် တိုက်စစ်မှူး ဘာလိုတယ်လီက “ကျွန်တော့်အေးဂျင့်ရိုင်အိုလာက ကျွန်တော့်ရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး သိပ်ကိုဂရုစိုက်နေပါတယ်၊ ခင်ဗျားတို့သိတဲ့တိုင်းပဲ ကျွန်တော်က အီတလီမှာ ကြီးပြင်းခဲ့ပြီး အခုအချိန်မှာတော့ အဲဒီကိုပြန်ဖို့ အသင့်ဖြစ်နေပါပြီ”ဟု ထုတ်ဖော်ပြောဆိုလိုက်သည်။

ကိုမြင့် (TU)